ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ (14-8-2003) (၃၉၆၂)

ပုဗ္ဗေ စ ကတပုညတာ တော် မင်္ဂလ မုတ္တမံ။

ရှေးကောင်းမှုကံ ရှိခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သတင်းဆောင်းပါး

ခရမ်းစိုးမြင့်

လှိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စု ကျောက်တိုင်ဝင်း အတွင်း ဝိကာသနိကုန်းတော်တွင် တည်ဆောက်လျက်ရှိသည့် ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော် ရှေ့မြင်မတ်ရပ်တော် ပုံစံကို ဤသို့ တွေ့ရသည်။

ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး ပင်လုံမြို့ ဝိကာသနိကုန်းတော်၌ တည်ဆောက်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ရာ နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေမှ သန်းပေါင်းမြောက်မြားစွာ အကုန်အကျခံပြီး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြီး စတင်မွေးဖွားသန့်စင်ရာ ပင်လုံမြို့နှင့်တကွ လှိုင်လင်ခရိုင်တစ်ခုလုံး ကြွင်းကျန်နေခြင်းမရှိစေရအောင် လှိုင်လင်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

မဟာရဋ္ဌာဘိသာမဂ္ဂီစေတီတော် ရှေ့မြင်မတ်ရပ်တော်ပုံစံ

နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ် အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ ဝန်ကြီးဌာနများက ဆောင်ရွက်နေသော စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းနိုင်မည့်လုပ်ငန်းများ လွှဲပေးရန်စီစဉ်

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် (၂/၂၀၀၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ

စာမျက်နှာ ၂ ကော်လံ ၃ သို့ ✪

ဆွေးနွေးမှာကြား

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင် (၂/၂၀၀၃)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၄-၈-၂၀၀၃
(ကြာသပတေးနေ့)

ဝင်ငွေတိုး အကျိုးရှိသည့် သီးနှံများကို တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး ကြိုးပမ်း

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားနပ်ရိက္ခာ ပြည့်စုံဖူလုံစေရေးနှင့် ဆက်စပ်လျက်ရှိသည်။ ထို့အပြင် ပြည်သူအများစုကြီးဖြစ်သော ကျေးလက်နေ တောင်သူလယ်သမားများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်မြင့်မားရေးတို့ကိုပါ တစ်ပါတည်းဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းနေခြင်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် မိုးစပါးကိုသာမက နွေစပါးများစိုက်ပျိုးရာတွင် အောင်ရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ ရေသွင်း ရေနုတ်မြောင်းများ၊ ချောင်းပိတ်၊ မြောင်းပိတ်နည်းများ၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းများဖြင့် စီမံဖြည့်ဆည်း အားပေးကူညီလျက်ရှိသည်။

ယခုအချိန်သည် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ တောင်သူလယ်သမားများ မိုးစပါးများစိုက်ပျိုးလျက်ရှိရာ အချို့သော ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲများ ကျင်းပနိုင်ကြပြီဖြစ်သည်။ စိုက်ပျိုးဆဲဒေသများတွင်လည်း တောင်သူလယ်သမားများက တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ် စိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျမှန်ကန်စွာ သုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး နည်းလမ်းများကို ဂရုတစိုက် ကျင့်သုံးစိုက်ပျိုးကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ်လ ၁၁ရက်နေ့က ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်သို့ သွားရောက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး ရေကြီးကွင်း၊ ရေနက်ကွင်း စပါးများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် စိုက်ပျိုးနိုင်ရေး၊ တိုင်းအတွင်း မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ရန်ကုန်တိုင်းအတွင်း ရေတော်မိုးတော် မိုးစပါး တိုင်းလုံးကျွတ် ထွန်တုံးပိတ်နိုင်ခဲ့ပြီး မိုးစပါးဧက ၁၁၆၈၀၀၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ယခုအချိန်အထိ မိုးစပါးစိုက်ပျိုးပြီး ၁၁၃၇၁၂၉ ဧကရှိသည်။ ကျန်ရှိနေသေးသည့် ရေကြီးကွင်း၊ ရေနက်ကွင်းစပါးများကို အချိန်မီစိုက်ပျိုးပြီးစီးနိုင်ရေးကြိုးပမ်းလျက်ရှိသည်။

မိုးစပါးများကို အချိန်စောစော စိုက်ပျိုးပြီးမှသာ ရိတ်သိမ်းချိန်စောပြီး ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် နွေစပါးများကို အချိန်မီ ဆက်လက်စိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။ တောင်သူလယ်သမားကြီးများက တစ်နှစ်တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်ရေး လုံ့လစိုက်ထုတ်ကြရမည်ဖြစ်သည်။

ယခုအခါ စပါးကို တစ်မိုးနှစ်သီး၊ မတ်ပဲ သို့မဟုတ် ပဲတီစိမ်းတစ်သီးနှင့် မိုးစပါး၊ ပဲ၊ နွေစပါးစသည့် နည်းများဖြင့် တစ်နှစ်သုံးသီးစားနည်းစနစ်များဖြင့် စိုက်ပျိုးနေကြပြီဖြစ်သည်။ တောင်သူလယ်သမားများက တစ်နှစ်သုံးသီးစားစနစ်ဖြင့် အောင်မြင်စွာစိုက်ပျိုးသွားပါက စီးပွားရေးတွက်ခြေကိုက်ပြီး ဝင်ငွေတိုးကာ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာနိုင်မည် ဖြစ်သည်။

ရန်ကုန်တိုင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင် ၃၀ပတ်လည်တွင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံဖြစ်သည့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်များ ၁၂လရာသီ စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရန်ကုန်တိုင်းအတွင်း မိုးစပါးဧက ၁၁သိန်းကျော် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ ဆန်စပါးဖူလုံပိုလျှံစွာ ထွက်ရှိနိုင်ရေးအတွက် ကျန်ရှိနေသေးသည့် ရေကြီးကွင်း၊ ရေနက်ကွင်းစပါးများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရန် စိုက်ပျိုးကြပြီး ဝင်ငွေတိုး အကျိုးရှိသည့် သီးနှံများကို တစ်နှစ်သုံးသီးစားစိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✪ ရှေ့ဖုံးမှ

တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်း အကောင်အထည်ဖော်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစိုးရဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ၎င်းတို့အား လွှဲပြောင်းပေးရေး စီစဉ် ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း။

အားပေးဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ မိမိတို့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်က အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အချို့သော ပုဂ္ဂလိကများ အနေဖြင့် အကြီးစားစက်မှုလုပ်ငန်းများကိုပင် အောင်မြင်စွာ ကိုင်တွယ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ ဝန်ကြီးဌာနများက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအနက် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသင့်သည့်လုပ်ငန်းများကို လွှဲပြောင်းပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ (၁/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းကို အတည်ပြုကြသည်။

ဆက်လက်၍ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်က ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ (၁/၂၀၀၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကော်မရှင် အဖွဲ့ဝင်များက ဆွေးနွေး အတည်ပြုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဝန်ကြီးဌာန အောက်ရှိ စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွှဲပြောင်းပေးရန် အဆိုပြုထားသော လုပ်ငန်းများ၏ အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်နှင့်ဝတ္ထုတို ပြိုင်ပွဲဝင်သူများသည် တပ်မတော်၏အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀ အတွင်း၊ ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀အတွင်း ရေးသားကြရမည် ဖြစ်သည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်းရေးသား ရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ **နိုင်ငံအကျိုးကို သက်စွန့်ကြိုးပမ်းသယ်ပိုးနေသော တပ်မတော်** ဟူ၍ ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင်ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံပတ်စ်ပို့အရွယ် ၁ x၂ လက်မနှစ်ပုံတို့ကိုပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

7 Day News ဂျာနယ်အတွဲ(၂) အမှတ်(၂၁)ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၃

အပတ်စဉ်ထုတ်ဝေလျက်ရှိသော 7 Day News ဂျာနယ်သည် စီးတီးအီလက်ထရောနစ်စင်တာမကြာမီဖွင့်မည်၊ လက်တွေ့ကျ၍ အကျိုးအမြတ်ရှိသော ထိုင်း-မြန်မာကုန်သွယ်ရေးဖြစ်ရန် ၂၀၀၄တွင် ပြင်ဆင်မည်၊ ကိုယ်တိုက်ဆပ်ပြာများ စီးပွားဖြစ် ထုတ်လုပ်နိုင်တော့မည်၊ လိုင်စင်မပါသည့် ယာဉ်မောင်းများ ထိရောက်စွာ အရေးယူခံရမည်၊ မြန်မာတို့နှင့် ရင်းနှီးလာစေသည့် မြန်မာ့အာမခံလုပ်ငန်းနှင့် တွေ့ဆုံခြင်းစသည့် သတင်းဆောင်းပါးများဖြင့် ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၁)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

ထို့အပြင် မင်းသားကြီးဂျွန်ဝိန်းကိုလုပ်ကြံရန် စတာလင်ကြံစည်ခဲ့၊ သိပ္ပံပညာရှင်များက မီးဖွားချိန်ကိုရွေ့နိုင်ပြီစသည့် နိုင်ငံတကာသတင်းဆောင်းပါး သုံးသပ်ချက်များပါဝင်ကာ e-Empire Media ဖုန်း-၇၀၃၈၁၃ က ဖြန့်ချိလိုက်သည်။ (က-ပ)

၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပတ္တလားပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့မှအဆက်)

၁။ ပညာရှင်

(က)	ဇမ္ဗူကျွန်းလုံး	(သီချင်းခံ)
(ခ)	အောင်မြေသာစံ	(ပတ်ပျိုး)
(ဂ)	ခိုင်ပန်းစုံ	(ယိုးဒယား)
(ဃ)	အောင်မင်္ဂလာ	(ယိုးဒယား)
(င)	ထောင်ရောင်နေကသာ	(သီချင်းခံ)
(စ)	ကြောက်ဘွယ်ဘုန်းတန်း	(ကြိုး)
(ဆ)	မှိုင်းပြာမှုန်ဝေ	(ပတ်ပျိုး)
(ဇ)	တောင်ယံတောကြီး	(မွန်)

၂။ ဝါသနာရှင်အဆင့်

(က)	ရေမီးထိန်လျက်	(ယိုးဒယား)
(ခ)	ထူးမခြားနား	(သီချင်းခံ)
(ဂ)	ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့်

(က)	တောဟေဝန်လယ်	(ယိုးဒယား)
(ခ)	ကျွန်းကျွန်းပိုင်သ	(ကြိုး)
(ဂ)	မြိုင်ခြေခိုင်ရွှေ	(ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က)	မြိုင်ကြီးဟေမာ	(ယိုးဒယား)
(ခ)	မှိုင်းရိပ်ကယ်တည့်	(ကြိုး)
(ဂ)	နှုန်းနှန်းထောက်စာ	(ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က)	ဂန္ဓာမာတောင်	(ဘွဲ့)
(ခ)	မှိုင်းမှိုင်းမြ	(သီချင်းခံ)
(ဂ)	ပဟိုရ်မြွက်သံ	(ပတ်ပျိုး)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က)	ထံတျာတေရှင်	(ကြိုး)
(ခ)	သာယာ	(ကြိုး)
(ဂ)	ဘုံဆောင်မြင့်	(ကြိုး)

(ဆက်လက်ဖော်ပြပါမည်၊)

သြဂုတ် ၁၁ရက်က အီရတ်နိုင်ငံ ကျေးရွာတစ်ရွာတွင် အရဏ်မတက်မီက စီးနင်းဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စစ်ဆေးရေးစခန်းတွင် ဟမ်းဗီးစစ်ကားအနီး၌ အမေရိကန် စစ်သားတစ်ဦး စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြောက်ကျားများခိုအောင်းရာ ရွာနှစ်ရွာကို စီးနင်း ဘဂ္ဂဒက်မြို့အနောက်ဘက်၌ ပေါက်ကွဲမှုကြီးဖြစ်ပွား

ဘဂ္ဂဒက် သြဂုတ် ၁၂

အမေရိကန်တပ်ဖွဲ့များသည် ဆက်ဒမ်လိုလားသော ပြောက်ကျားများခိုအောင်းနေသည်ဟု ယူဆရသော ရွာနှစ်ရွာကို ညအခါ၌ ဝင်ရောက်စီးနင်းခဲ့ကြသည်။ ထိုသို့စီးနင်းတိုက်ခိုက်မှုဖြစ်ပွားပြီး နာရီအတန်ကြာသောအခါ ဘဂ္ဂဒက်မြို့အနောက်ဘက်၌ ပေါက်ကွဲမှုကြီးဖြစ်ပွားရာ အမေရိကန်အခြေစိုက်စခန်းမှာ တုန်ခါသွားသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၄၁ မိုင်အကွာရှိ ဘာကူဘာမြို့တွင် တနင်္ဂနွေနေ့က ရဲစခန်းကို လက်ပစ်ဗုံးနှင့်တိုက်ခိုက်ခံရသဖြင့် အမေရိကန်စစ်သားတစ်ဦး သေဆုံးသွားပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန် ဗိုလ်မှူးဂျော့လင်းအာဘာလီက ပြောကြားသည်။

အိမ်ဖြူတော်က မေလ ၁ရက်တွင် အဓိက စစ်ပွဲကြီးများပြီးဆုံးသွားပြီဟု ကြေညာခဲ့သည်။ ထိုကြေညာချက်ထွက်ပေါ်ပြီးနောက်ပိုင်းတွင် ပြောက်ကျားပုံစံတိုက်ခိုက်မှုများကြောင့် အနည်းဆုံး အမေရိကန် စစ်သား ၅၇ဦး သေဆုံးခဲ့ရပြီး တိုက်ပွဲနှင့်မသက်ဆိုင်သော အခြားထိခိုက်မှုများကြောင့် နောက်ထပ်စစ်သား ၆၀ သေဆုံးသွားခဲ့ရသည်။

ဘဂ္ဂဒက်မြို့မှ မိုင် ၆၀ ခန့်ဝေးသော ရာမာဒီမြို့တွင် တနင်္လာနေ့နှောင်းပိုင်းက ပေါက်ကွဲမှုခြောက်ကြိမ် ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုများကြောင့် အမေရိကန် စစ်စခန်းမှာ တုန်ခါသွားခဲ့ရသည်။ မည်သူမည်ဝါဟု မသိရသူများက စစ်စခန်းအတွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုပစ်ခတ်မှုများကြောင့် ထိခိုက်မှုစာရင်းကို ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

အသက် ၃၄ နှစ်အရွယ်ရှိ မျက်မြင်သက်သေ မူစတာဖာဆိုသူက ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် စခန်းအတွင်းမှ မီးခိုးလုံးများတက်လာသည်ကို မြင်ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ သတင်းပေးသည်။

အခင်းဖြစ်ပွားသည့် ကိစ္စနှင့်ပတ်သက်၍ စစ်ဘက်မှ တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမရှိပေ။ သို့သော် အမေရိကန် ဦးဆောင်သော တပ်များမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဂိုင်ရီးလ်က ရာမာဒီရှိစစ်စခန်းမှာ ပြီးခဲ့သော ညအနည်းငယ်အတွင်းက အကြိမ်ကြိမ် စိန်ပြောင်းဖြင့် ပစ်ခတ်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၂၀၀၀ခန့်သည် ဆက်ဒမ်အားထောက်ခံသော ပြောက်ကျားများခိုအောင်းနေသည်ဟု ယူဆရသည့် ရွာနှစ်ရွာကို ဝင်ရောက်စီးနင်းခဲ့သည်။ ထိုစီးနင်းမှုဖြစ်ပွားပြီးနောက်ပိုင်းတွင် မော်တာဖြင့် တိုက်ခိုက်မှုများ ဖြစ်ပွားလာခြင်းဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

အီရတ် ပြန်လည်ထူထောင်ရေး စရိတ်စက မျှော်မှန်းခဲ့သည်ထက် ပိုမိုကြီးမားမည်

ဝါရှင်တန် သြဂုတ် ၁၂

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် လုံခြုံရေးအတွက် ကုန်ကျမည့်ငွေကြေးသည်မူလကခန့်မှန်းထားသည်ထက် များစွာပိုမိုလာစရာရှိသည်။ ပုဂ္ဂလိကလေ့လာသူများက ထိုစရိတ်သည် အမေရိကန်ဒေါ်လာသန်း ၆၀၀၀၀၀ကုန်ကျလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

ဘုရှ်အစိုးရသည် အထက်ပါစရိတ်များနှင့်ပတ်သက်၍ အသေးစိတ်များကို အသိပေးခြင်းမရှိဘဲ ခပ်ဝါးဝါးသာအသိပေးခဲ့ကြသည့်အတွက် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်ပါတီဝင်အမတ်များက စိတ်ပျက်ခဲ့ကြသည်ဟုဆိုသည်။

ထိုအသုံးစရိတ်များနှင့်ပတ်သက်၍ အီရတ်ရှိ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူးပေါလ်ဘရီမာသည် ပြီးခဲ့သည့်လက ထုတ်ဖော်ပြောကြားခဲ့သည်။ ပြန်လည်ထူထောင်ရေးသုံးနှစ်စာအသုံးစရိတ်မှာ ဘရီမာ၏အဆိုအရ အမေရိကန်ဒေါ်လာသန်း ၁၀၀၀၀၀ရှိမည်ဟု သိရသည်။

၎င်း၏ခန့်မှန်းချက်တွင်လျှပ်စစ်ဓာတ်အားလိုင်းများအတွက် ကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာသန်း ၁၃၀၀၀ဖြစ်ပြီး ရေပေးဝေရေးအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၁၆၀၀၀ရှိမည်ဟုခန့်မှန်းထားသည်။

စီအင်ဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာ၌ အုပ်ချုပ်ရေးမှူးဘရီမာက အီရတ် ပြန်လည်ထူထောင်ရေး ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာသန်း ၅၀၀၀၀-၆၀၀၀၀မှ သန်း၁၀၀၀၀၀အထိ အများအပြားကုန်ကျနိုင်ကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

အမေရိကန်သမ္မတဘုရှ်နှင့်အခြားသော အုပ်ချုပ်ရေးအရာရှိများကမူ ခန့်မှန်းရများစွာခက်ခဲသည်ဟုသာဆိုပြီး တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ထိုအတောအတွင်း အမေရိကန်အစိုးရဘတ်ဂျက်အခြေအနေမှာ လိုငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀၀၀၀နီးပါးရှိနေသည်။ ၎င်းအပြင်လာမည့် ရွေးကောက်ပွဲနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရာ၌ အီရတ်ပြန်လည်ထူထောင်ရေး ကုန်ကျငွေ အခြေအနေကို ရေရေရာရာမသိရသည့်အတွက် အမေရိကန် ရီပတ်ဘလီကင်ပါတီနှင့်ဒီမိုကရက်တစ်ပါတီနှစ်ခုစလုံးမှ အမတ်များသည် မကျေမနပ် ဒေါသဖြစ်လျက်ရှိကြသည်ဟု ဆိုသည်။ **အင်တာနက်။**

ပါကစ္စတန်လုပ် လေ့ကျင့်ရေးလေယာဉ်များ ဆော်ဒီအာရေဗျသို့ တင်ပို့ရောင်းချဖွယ်

အစ္စလမ္မာဘတ် သြဂုတ် ၁၂

ပါကစ္စတန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံသို့ "စူပါမာရှက်"ဟု အမည်ပေးထားသော လေ့ကျင့်ရေးလေယာဉ်များအား ရောင်းချပေးမည့် အမေရိကန်ဒေါ်လာ သန်း ၄၀ တန်ဖိုးရှိ ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံသို့ လေ့ကျင့်ပျံသန်းရေးလေယာဉ်များ ရောင်းချပေးနိုင်မည့် ကန်ထရိုက်စာချုပ်ကို ချုပ်ဆိုနိုင်ဖွယ်ရှိကြောင်း ပါကစ္စတန်လေတပ်ဦးစီးချုပ်ပါဗက်ဇ်ဆာဒစ်က မြို့တော်အစ္စလမ္မာဘတ်၌ ကျင်းပသော နီးနှောဖလှယ်ပွဲတစ်ရပ်၌ ပြောကြားသည်။

ပါကစ္စတန်နိုင်ငံက တည်ဆောက်ထားသော လေ့ကျင့်ပျံသန်းရေးလေယာဉ်များအား အိုမန်နိုင်ငံသို့ ရောင်းချရေးဆိုင်ရာသဘောတူညီချက်တစ်ရပ် ရရှိရန်လည်း ဆွေးနွေးလျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ဆော်ဒီအာရေဗျသို့ တင်ပို့ရောင်းချမည့် လေ့ကျင့်ရေးလေယာဉ်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့်တန်ဖိုးရှိကြောင်း ၎င်းကပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် အိုမန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သို့ လေ့ကျင့်ရေးလေယာဉ်များ ရောင်းချနိုင်ရန် ပြင်ဆင်လုပ်ကိုင်လျက်ရှိသည့်အပြင် ပါကစ္စတန်လေကြောင်းနည်းပညာလုပ်ငန်းက တည်ဆောက်သည့် ထုတ်ကုန်ပစ္စည်းများအား နိုင်ငံခြားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ပီတီအိုင်။**

အီရတ်အုပ်ချုပ်ရေးကောင်စီအား ကုလသမဂ္ဂထောက်ခံရန် အမေရိကန်ကြိုးပမ်း

ကုလသမဂ္ဂ သြဂုတ် ၁၂

အမေရိကန်ကခန့်အပ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီနှင့် အီရတ်နိုင်ငံ၌ ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်အဖွဲ့ ထူထောင်ရေးအတွက် အုပ်ချုပ်ရေးကောင်စီ၏ အခွင့်အာဏာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ရရှိရေး အမေရိကန်က ကြိုးပမ်းလျက်ရှိကြောင်း သံတမန်များက တနင်္လာနေ့တွင် ပြောကြားသည်။

ဆုံးဖြတ်ချက်မူကြမ်းတင်ပြ

အမေရိကန်သည် စာမျက်နှာတစ်မျက်နှာပါ ဆုံးဖြတ်ချက်မူကြမ်းကို အခြားအမြဲတမ်းလုံခြုံရေး ကောင်စီဝင်နိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှား၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့သို့ တင်ပြခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ အမေရိကန်နိုင်ငံသည်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

အသုံးအနှုန်းပြောင်းလဲရန်

အမေရိကန်သည် ယင်းကိစ္စနှင့်ပတ်သက်၍ အလွတ်သဘော နှစ်နိုင်ငံဆွေးနွေးပွဲများတွင် အခြားလုံခြုံရေးကောင်စီအမြဲတမ်း အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးနေကြောင်း၊ လုံခြုံရေးကောင်စီ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံအချို့က အသုံးအနှုန်းပြောင်းလဲရန် တိုက်တွန်းနေကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ လုံခြုံရေးကောင်စီအနေဖြင့် အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ခန့်အပ်ခဲ့သည့် အဖွဲ့ဝင် ၂၅ဦးပါ အီရတ် အုပ်ချုပ်ရေးကောင်စီကို ထောက်ခံရန် အမေရိကန်ကလိုလားကြောင်း သံတမန်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

နင်းကြိတ်ဖျက်ဆီး

သြဂုတ် ၁၂ရက်က တရုတ်ပြည် အရှေ့မြောက်ပိုင်း ဂျီလင်ပြည်နယ် ချန်ချူးအားကစားကွင်းတွင် ပြည်နယ်အတွင်း ဖမ်းဆီးရမိသည့် ခိုးယူကူးထားသော စီဒီဓာတ်ပြားများ၊ စာအုပ်များနှင့် ကွန်ပျူတာဆော့ဖ်ဝဲများကို လမ်းကြိတ်စက်ဖြင့် နင်းကြိတ်ဖျက်ဆီးနေစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ပြင်သစ်နိုင်ငံ၌ အပူချိန်မြင့်တက်

ပါရီ သြဂုတ် ၁၃

ပြင်သစ်နိုင်ငံတွင် ၁၉၄၇ ခုနှစ်မှစတင်၍ နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင် အပူချိန်မြင့်တက်ခဲ့ရာ လွန်ခဲ့သည့် သီတင်းပတ်၌ ပါရီမြို့တွင် ၁၀၀ ဒီဂရီဖာရင်ဟိုက်ထိ ရှိခဲ့သည်။ အပူဒဏ်နှင့် ဆက်စပ်သည့် ဖျားနာမှုများကြောင့် ပါရီမြို့တွင် အနည်းဆုံး လူ၅၀ သေဆုံးခဲ့ရကြောင်းနှင့်နောက်ထပ် သေဆုံးမှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း ဆရာဝန်များက သတိပေးပြောကြားခဲ့သည်။ ပါရီမြို့ရှိ ဆေးရုံများတွင် လွန်ခဲ့သည့် သုံးရက်အတွင်း ဖျားနာမှု ကြောင့် ရောက်ရှိလာခဲ့သည့် လူနာ ၅၀၀ ခန့်ရှိပြီး အသက်အရွယ်ပိုမိုမြင့်မားသူများသည် အပူဒဏ်ကိုပိုမိုခံစားနေရသည့်အတွက် ဆရာဝန်များက စိုးရိမ်ပူပန်လျက်ရှိပြီး မိုးလေဝသခန့်မှန်းသူများ၏ အဆိုအရ ယခုသီတင်းပတ်ကုန်သည်ထိ အပူချိန်လျော့ကျ ဖွယ်မရှိကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။ **စီအင်န်အင်န်။**

နိုင်ငံတကာသတင်းများ

အမေရိကန်ဦးဆောင်သည့်တပ်များကို တိုက်မည့်တပ်ဖွဲ့ အီရတ် ရှီးယားမွတ်စလင်ကောင်စီ ဖွဲ့စည်းလျက်ရှိ

ဆားစီးတီး ဩဂုတ် ၁၁

ဆက်ဒမ်စီးတီးဟု တစ်ချိန်က ကျော်ကြားခဲ့သည့် ဘဂ္ဂဒက်မြို့တော်၏ ဆင်းရဲသော ရှီးယားခရိုင်ရှိ အာရာဘာသာရေးဌာနၵ ညနေ ၆ နာရီဆိုလျှင် စတင်၍ တန်းစီနေကြသည်။

နေဝင်ဖျိုးဖျအချိန်တွင် အသက်အရွယ်အမျိုးမျိုးရှိသည့် အမျိုးသားများသည် အီရတ်နိုင်ငံ၏ ဘာသာရေးစစ်တပ်တွင် ဝင်ရောက်အမှုထမ်းအသေခံတိုက်ခိုက်ရန် ပုံစံ၌ လက်မှတ်ထိုးရန် စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေကြသည်။

၎င်းတို့မှာ အမေရိကန်က ဖွဲ့ပေးသည့် အီရတ်ယာယီအုပ်ချုပ်ရေးအဖွဲ့က အသစ်ဖွဲ့စည်းပြီး လစာပေးမည့် အဖွဲ့မဟုတ်။ အမေရိကန်တပ်များကို တိုက်ခိုက်မည့် အစ္စလမ္မစ် အကြမ်းဖက်ခုခံရေးတပ်ဖွဲ့ဖြစ်သည်။ အမေရိကန်ဦးဆောင်သည့် တပ်များသည် အီရတ်ဥပဒေကို ချိုးဖောက်၊ ပစ္စည်းကိုဖျက်ဆီး၊ လူကိုသတ်သူများဖြစ်ကြောင်း၊ ထို့ကြောင့် သွေးကြွေးဆပ်မည့် ပုံစံကို ဖြည့်ကြပါဟူ၍ အီရတ်နိုင်ငံ ရှီးယားဘာသာရေးကောင်စီ၏ ဘဂ္ဂဒက်ကိုယ်စားလှယ် ရှိတ်ဟက်ဆန်အယ်ဇာဂနီက တိုက်တွန်း ပြောကြားလိုက်သည်။

အမေရိကန်တို့သည် အီရတ်ပြည်သူများ လွတ်မြောက်အောင် ကူညီဖို့လာကြပါသည်ဟူ၍ ကြွေးကြော်ကာ လာရောက်ကြကြောင်း၊ သို့သော် တကယ်စင်စစ် သူတို့သည် ကျူးကျော်သူများဖြစ်ကြောင်း၊ ကျူးကျော်သူများနှင့် မဟာမိတ်မဖွဲ့ကြောင်းဖြင့် ရှိတ်ဟက်ဆန်အယ်ဇာဂနီက ပြောကြားသည်။

အင်တာနက်။

လေကြောင်းချီတပ်မမှ အမေရိကန်စစ်သားတစ်ဦး ဘဂ္ဂဒက်မြို့တော်တွင် ဒဏ်ရာရ သေဆုံးပြန်

ဘဂ္ဂဒက် ဩဂုတ် ၁၂

အမေရိကန်အမှတ်(၈၂)လေကြောင်းချီတပ်မမှ လေထီးတပ်သားတစ်ဦး ဒဏ်ရာရ သေဆုံးသွားကြောင်းဖြင့် ကာကွယ်ရေးဌာနက တနင်္လာနေ့က ကြေညာသည်။

တပ်သား အီးလောင်းစထရက်မှာ ဘဂ္ဂဒက်မြို့တွင် ကြာသပတေးနေ့က သေဆုံးသွားသည်။ အီးလောင်းစထရက် (၁၉)နှစ်အား ဖို့ဘရက်ရှိ အမှတ် (၃၀၇) အင်ဂျင်နီယာတပ်ရင်း ဘရာဗိုတပ်ခွဲတွင် တွဲဖက်တာဝန်ပေးထားသည်။

ဘဂ္ဂဒက်မြို့ အယ်မန်ဆာခရိုင်တွင် လုံခြုံရေး တာဝန်ယူစဉ် ထိုနေ့ည ၉ နာရီ ၄၅ မိနစ်ခန့်က သေနတ်ဒဏ်ရာရကာ အီးလောင်းစထရက် သေဆုံးသွားရကြောင်း၊ ယင်းကိစ္စကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း အမေရိကန်ကြည်းတပ် ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဌာနကကြေညာသည်။ မေလ ၁ ရက်က တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာအပြီးတွင် အီရတ်၌ သေဆုံးသူ အမေရိကန်စစ်သားဦးရေမှာ ၁၂၄ ဦး ရှိသွားပြီဟု ဆိုသည်။

အင်တာနက်။

အီရတ်နှင့် အရှေ့အလယ်ပိုင်း ပြဿနာ တူညီသော မူဝါဒရရှိရေး အီဂျစ်ကြိုးပမ်း

ကိုင်ရို ဩဂုတ် ၁၂

အီဂျစ်နိုင်ငံသည် အီရတ်နိုင်ငံနှင့် ပတ်သက်၍လည်းကောင်း၊ အစ္စရေး–ပါလက်စတိုင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍လည်းကောင်း အာရပ်နိုင်ငံများ၏ တူညီသော မူဝါဒတစ်ရပ်ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထိုစဉ်အတွင်း အီဂျစ်နိုင်ငံသည် အမေရိကန်၊ ဆော်ဒီနှင့်ဆီးရီးယားနိုင်ငံတို့မှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

တိုက်တွန်း

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာသည် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဘန်းစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးအစီအစဉ်သစ် အကောင်အထည်ဖော်ရေး၌ အမေရိကန်အစိုးရက ပိုမိုပါဝင်လှုပ်ရှားရန် တိုက်တွန်းလိုက်သည်။

ပြန်လည်အပ်နှင်း

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင်လည်းကောင်း၊ အီဂျစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကို အီရတ် ပြည်သူလူထုထံ ပြန်လည်အပ်နှင်းပေးနိုင်ရေးအတွက် လည်းကောင်း ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂက တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားမှုရှိသင့်ကြောင်း ဝန်ကြီး မာဟာက ပြောကြားသည်။

ဆွေးနွေး

အစ္စရေး နိုင်ငံခြားရေးဝန်ကြီးသည် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဆော်ဒ်အယ်လ်ဖိုင်ဆယ်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဖာရောက်အယ်လ်ရှာရာတို့နှင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ မိမိတို့သည် အီရတ်ပြဿနာနှင့် အရှေ့အလယ်ပိုင်း ပြဿနာတို့နှင့်ပတ်သက်၍ အာရပ်နိုင်ငံများ၏ တူညီသော ရပ်တည်ချက်ဖြစ်ပေါ်ရေးကို ဆွေးနွေးခဲ့ကြကြောင်း မာဟာက ပြောကြားသည်။

ခက်ခဲ

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အစီအစဉ်သစ်ကို အကောင်အထည်ဖော်ရေးမှာ ခက်ခဲသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်လိမ့်မည်ဟု ဝန်ကြီးမာဟာက ပြောကြားသည်။

အင်တာနက်။

ဩဂုတ် ၁၁ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့၏ တောင်ဘက် ၁၈ မိုင်အကွာတွင် လမ်းပိတ်ဆို့ထားသည့်နေရာ၌ အီရတ်လူငယ်များ အမေရိကန် ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်ကြွေးနေစဉ်။ (ဗြိတိသျှစစ်ကားများကို အီရတ်လူငယ်များက ကျောက်တုံး၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ကြသည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ တည်ငြိမ်မှုရရှိရေး အမေရိကန် ဆောင်ရွက်ရန် မလိုဟု ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးရန်မလိုကြောင်း ကုလသမဂ္ဂဆိုင်ရာ ယခင်အီရတ်သံအမတ်ကြီး မိုဟာမက်အယ်လ်ဒူရီအလီက စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားလိုက်သည်။

ပြစ်တင်

အီရတ်နိုင်ငံမှ အချို့ပြည်သူ့လုပ်ငန်းများတွင် လုံခြုံရေးဆိုင်ရာ လစ်ဟင်းနေမှုများအတွက်လည်း မိုဟာမက်အယ်လ်ဒူရီအလီက အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များကို ပြစ်တင်ပြောကြားလိုက်သည်။

ကြုံတွေ့နေရ

ထို့အပြင် အမေရိကန်များ ပြောကြားလျက်ရှိသည့် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်သည် ဘယ်ရောက်နေသည်ကို မသိကြောင်း၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့်အလုပ်အကိုင်များလည်း မရ ရှိကြောင်း ပြောကြားလိုက်ပြီး အီရတ်ပြည်သူ ၇၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များဖြစ်နေကြသည့်အပြင် အီရတ်နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ကြုံတွေ့နေရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

လာမည့်နှစ်၌ ဗီယက်နမ် ပြည်ပပို့ကုန် ဒေါ်လာ ၂၁ ဘီလျံမှန်း

ဟနွိုင်း ဩဂုတ် ၁၂

ဗီယက်နမ်နိုင်ငံက လာမည့်နှစ်တွင် ပြည်ပပို့ကုန်များမှ အမေရိကန်ဒေါ်လာ ၂၁ ဘီလျံရရှိစေရန် စီစဉ်ထားရာ ၎င်းပမာဏသည် ယခုနှစ်လျာထားသတ်မှတ်ချက်ထက် ၈ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခြင်း ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားငွေရှာဖွေပေးသည့် ကဏ္ဍများမှာ အဝတ်အထည်နှင့် အထည်အလိပ်၊ ဖိနပ်အမျိုးမျိုးနှင့် ပင်လယ်ထွက်စားနပ်ရိက္ခာ ထုတ်လုပ်ရေးတို့ ဖြစ်သည်။ ဗီယက်နမ်၏ ပြည်ပကုန်တင်ပို့ရာဒေသသည် အာရှ–ပစိဖိတ်ဒေသဖြစ်ပြီး ယင်းဒေသသို့ အဆိုပါပစ္စည်းများတင်ပို့ ရောင်းချရာမှရသည့် ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလျံရှိပြီး ၂၀၀၃ ခုနှစ်ကျော်လျှင် ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၁၁ ရက်က (၁၄)ကြိမ်မြောက် အမေရိကနိုင်ငံများ အားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပွဲစဉ် အကြိုဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းမှ ကရီနာအယ်ဗာရီဇာ(ယာ)က ဘရာဇီးအသင်းမှ တာတီယာနာနီအာဟာရာတိုရက်စ်၏ ဘောလုံးကန်ချက်မထိရန် ခုခံကာကွယ်နေစဉ်။

(ယင်းပွဲတွင် ဘရာဇီးက နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ကာ နောက်ဆုံးဗိုလ်လုပွဲတက်သွားသည်။)

(ဓာတ်ပုံ–အင်တာနက်)

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် တရုတ်နှင့်သီရိလင်္ကာ တိုက်ရိုက်လေယာဉ် ပျံသန်းမည်

ဘေဂျင်း ဩဂုတ် ၁၂

တရုတ်ပြည်နှင့် သီရိလင်္ကာနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် တိုက်ရိုက်လေကြောင်းခရီးစဉ်များပြေးဆွဲရန် စီစဉ်ထားသည်။

သီရိလင်္ကာနှင့် တရုတ်ပြည်တို့သည် လိုအပ်သည့် စာချုပ် စာတမ်းများကို အပြီးသတ်ရေးဆွဲပြီးနောက်တွင် ရက်သတ္တပတ်လျှင် တစ်ကြိမ် တိုက်ရိုက်ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သီရိလင်္ကာခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌ ဖက်ဒီဝစ်သာနီက ဘေဂျင်းမြို့တွင် တနင်္လာနေ့က ကျင်းပသည့် နှီးနှောဖလှယ်ပွဲတစ်ခုတွင် ပြောကြားသည်။

သီရိလင်္ကာတွင် ခေတ်မီ အဆောက်အအုံများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ တောတောင် ပသာဒရှုစရာနေရာများနှင့် မပျက်မစီးဘဲ ယခင်အတိုင်းထိန်းထားသည့် ကမ်းခြေများဖြင့် တရုတ်ပြည်သူများကို ဆွဲဆောင်စေသည့် ထူးခြားသော နေရာတစ်နေရာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တရုတ်ပြည်သို့ ငါးရက်ကြာတရားဝင် အလည်အပတ်ရောက်ရှိသည့် သီရိလင်္ကာဝန်ကြီးချုပ် ရာနေးလ်ဝစ်ခရီမိဆင်ဂါသည်ပင်လျှင် ခရီးသည်များသွားရာနေရာ တစ်နေရာအဖြစ် သီရိလင်္ကာအား တိုးမြှင့်ရန် အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့များ ရုတ်တရက်စီးနင်းရှာဖွေမှု အီရတ်ပြည်သူများ အံ့သြကြောက်လန့်

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံတွင် တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆက်ဒမ်ဟူစိန်၏ ယုံကြည်စိတ်ချရသည့် သစ္စာခံများကို ရှာဖွေဖမ်းဆီးမှုများ ဆက်လက်ပြုလုပ်လျက်ရှိနေကြောင်းသိရသည်။ အီရန်နိုင်ငံ နယ်စပ်အနီးရှိ ဝေးလံဒေသမှ ရွာကလေးတစ်ရွာကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များ ရုတ်တရက်ဝင်ရောက် စီးနင်းရှာဖွေခဲ့ရာ ယခင်အီရတ်အစိုးရအဖွဲ့ဝင်များကို ရှာဖွေမတွေ့ရှိသော်လည်း သံသယရှိသူ ၇၀ ခန့်ကို ဖမ်းဆီးခဲ့ကြကြောင်း သိရသည်။

ဒေါသထွက်

အမေရိကန်တပ်ဖွဲ့ဝင်များ ရုတ်တရက်စီးနင်းတိုက်ခိုက်မှုများသည် အီရတ်နိုင်ငံ တစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ အချိန်တိုင်းလို ဖြစ်ပွားလျက်ရှိနေပြီး အမေရိကန်တို့ ဆောင်ရွက်နေကျ ပုံမှန်လုပ်ငန်းတစ်ရပ်ကဲ့သို့ ဖြစ်လာသည့်အတွက် အီရတ်ပြည်သူများ အထူးအံ့သြကြောက်လန့်မှုများ ဖြစ်ပွားနေကြရကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ရုတ်တရက်စီးနင်းဝင်ရောက်ပြီး အီရတ်အမျိုးသားများကို လက်ထိတ်ခတ်၊ မျက်နှာကို အဝတ်နှင့်စည်းကာ ဖမ်းဆီးချိန်တွင် ကလေးများကြောက်လန့်တကြားအော်ဟစ်ကြပြီး အမျိုးသမီးများနှင့် ၎င်း၏မိသားစုသည် ဘေးမှလက်ပိုက်၍သာ ကြည့်နေနိုင်ကြောင်း၊ယခုလို နေအိမ်များအတွင်း ရုတ်တရက်ဝင်ရောက်ခြင်းသည် အမေရိကန်နိုင်ငံမျိုးတွင် အံ့သြစရာမဟုတ်သော်လည်း အီရတ်နိုင်ငံမျိုးတွင် ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ပဋိပက္ခပင် ဖြစ်ပွားနိုင်ကြောင်း၊ မိမိတို့ပိုင်နေအိမ်များအတွင်း အတင်းဝင်ရောက်ခြင်းသည် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်၍ အီရတ်လူမျိုးများ မခံမရပ်နိုင်ဖြစ်၍ ဒေါသထွက်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသွားသည်။

စီအင်န်အင်န်။

လက်နှစ်ဖက်ဆုံးရှုံးခဲ့သည့် အီရတ်ကလေးငယ် လန်ဒန်၌ ကုသမှုခံယူ

လန်ဒန် ဩဂုတ် ၁၂

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားသည့် စစ်ပွဲအတွင်းက လက်နှစ်ဖက်စလုံး ပြတ်ခဲ့ရသည့် အီရတ်ကလေးတစ်ဦးဖြစ်သူ အလီအဘတ်(၁၃နှစ်)သည် လက်တုများတပ်ဆင်ရန် လန်ဒန်မြို့ မေရီဘုရင်မ ဆေးရုံပြန်လည်ထူထောင်ရေးဌာနသို့ တက်ရောက်ကာ တနင်္လာနေ့က စတင်ကုသမှုခံယူနေပြီဟု သိရသည်။

အလီအဘတ်သည် ဘဂ္ဂဒက်မြို့အနီး အမေရိကန်တို့ ဗုံးကြဲစဉ်က ဘယ်ဘက်ခြေတစ်ဖက်နှင့် လက်ယာဘက်လက်ဆုံးရှုံးခဲ့ရသူအာမက်သာမင်နာ(၁၄နှစ်)နှင့်အတူ အဆိုပါ ဆေးရုံ၌ ဆေးဝါးကုသမှု စတင်ခံယူနေသည်။

အင်တာနက်။

တူရကီ ကန်ထရိုက်များအား ကုလသမဂ္ဂ ခွင့်ပြု အီရတ်ဈေးကွက်၌ ဩဇာတိက္ကမ ပြန်လည်ရရှိ

အန်ကာရာ ဩဂုတ် ၁၂

ဆက်ဒမ်ဟူစိန်အုပ်စိုးစဉ်ကာလက ရေနံနှင့် စားနပ်ရိက္ခာလဲလှယ်ရေး အစီအစဉ်အောက်မှ သဘောတူ ခွင့်ပြုထားသည့် တူရကီ ကုမ္ပဏီများအား ကုလသမဂ္ဂကအမေရိကန်ဒေါ်လာသန်း ၄၃၀ တန်ဖိုးရှိ လုပ်ငန်းကန်ထရိုက်များကို သဘောတူ ခွင့်ပြုလိုက်ကြောင်း ဖြင့်တူရကီနိုင်ငံမှအမျိုးသားသတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

ယင်းသို့ခွင့်ပြုလိုက်ခြင်းကြောင့် တူရကီကုမ္ပဏီများက အီရတ်ဈေးကွက်တွင် ဩဇာတိက္ကမ ပြန်လည်ရရှိသည့် ခြေလှမ်းတစ်ရပ်အဖြစ်အများကသတ်မှတ်ကြသည်။

အီရတ်နှင့် လက်မှတ်ရေးထိုးသည့် တူရကီ ကုမ္ပဏီများ၏ အရေအတွက်လည်း မြင့်တက်လာသည်။ အဆိုပါ ကုမ္ပဏီအများစုမှာ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ကြ သည်။

အီရတ်နှင့် တူရကီ ကုမ္ပဏီများ လက်မှတ်ရေးထိုးခဲ့သည့် လုပ်ငန်းကန်ထရိုက်ပမာဏမှာ လွန်ခဲ့သည့် နှစ်လအတွင်း အမေရိကန် ဒေါ်လာသန်း၁၂၀အထိရောက်ရှိသွားပြီဖြစ်သည်။

ကုလသမဂ္ဂကခွင့်ပြုသည့် လွန်ခဲ့သောကာလက ကန်ထရိုက်လုပ်ငန်းများအပါအဝင်အီရတ်ရှိတူရကီကုမ္ပဏီဈေးကွက်သည် ယခု နှစ်ကုန်တွင် ဒေါ်လာ တစ်ဘီလျံအထိ ရောက်ရှိနိုင်မည်ဟု သတ်မှတ်ထားသည်။

၎င်းကုမ္ပဏီများတွင် အက်ကဖင်ကုမ္ပဏီက ဒေါ်လာသန်း ၅၀တန်ဖိုးရှိ သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီး အီရတ်ရှိ အမေရိကန်စစ်တပ်အတွက် အခြေခံစားသုံးကုန် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ အခြားကုမ္ပဏီတစ်ခုသည် အမေရိကန်စစ်တပ်အတွက် အဝတ်အထည်များ အခြောက်လျှော်ခြင်းနှင့်စစ်တပ်၏အညစ်အကြေးများဖယ်ရှားရေးလုပ်ငန်းတင်ဒါ ရရှိခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်နက်ပါရဂူ ဒေးဗစ်ကယ်လီ သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေသည့် လန်ဒန်မြို့ရှိ တော်ဝင်တရားရုံးရှေ့တွင် မတ်တတ်ရပ်၍ စောင့်ကြပ်နေသည့် ရဲတပ်ဖွဲ့ဝင် တစ်ဦးအား ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ဒေါက်တာဒေးဗစ်ကယ်လီသေဆုံးမှုနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြောကြားချက် ဗြိတိန်နိုင်ငံသားများမယုံ

လန်ဒန် ဩဂုတ် ၁၃

ဗြိတိန်လက်နက်ပါရဂူဒေါက်တာဒေးဗစ်ကယ်လီသေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်လျက်ရှိရာ သေမှုသေခင်းဆိုင်ရာ ဥပဒေကြောင်းအရ စုံစမ်းမှုသာမက ဒေါက်တာကယ်လီ၏ ဂုဏ်သိက္ခာ၊ ဗြိတိန်အစိုးရနှင့် ဘီဘီစီတို့၏ ဂုဏ်သိက္ခာ၊ နာမည်သတင်းများအပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ် အဖြစ်လည်း ရှုမြင်နေကြသည်။

ပထမနေ့ ကြားနာမှုများအပြီးတွင်ဒေါက်တာကယ်လီ၏ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၏ ထွက်ဆိုချက်အရ ဒေါက်တာကယ်လီ၏အကြံဉာဏ်များကို ဗြိတိန်ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများက အလေးထား ဂရုပြုတောင်းခံကြရကြောင်း၊ အဓိကျသည့် ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များကိုလည်း သိရှိလေ့လာခွင့်ရသည့် အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားစွာ သိရှိခဲ့သည်။

ဗြိတိန်အစိုးရက ဒေါက်တာ ကယ်လီသည် အလယ်အလတ်အဆင့်ရှိ သာမန် သိပ္ပံပညာရှင်အရာရှိတစ်ဦးသာ ဖြစ်ကြောင်း ပြောကြားခဲ့ချက်များ ရှိခဲ့ရာ ယခုကဲ့သို့ပေါ်ပေါက်လာမှုများသည် တိုနီဘလဲအစိုးရအတွက်အခက်တွေ့စေခဲ့သည်။

လတ်တလော စစ်တမ်းကောက်ယူချက်အရ ဗြိတိန်နိုင်ငံသားများ၏ ၄၇ရာခိုင်နှုန်းက ဝန်ကြီးချုပ်တိုနီဘလဲ၏ ပြောကြားချက်များကို မယုံကြည်ကြကြောင်း၊၃၇ရာခိုင်နှုန်းကမူယခုကိစ္စကြောင့်ဝန်ကြီးချုပ်အနေဖြင့် နုတ်ထွက်သင့်ကြောင်းဖြေကြားကြသည်ဟုသိရသည်။ ထို့အပြင် ကွန်ဆာဗေးတစ်ပါတီကလည်း လေးမှတ်အသာဖြင့် ဦးဆောင်နေပြီး ယခင်အကြိမ်က အောင်မြင်မှုရရှိခဲ့သည့် တိုနီဘလဲအနေဖြင့် ယခုကိစ္စကြောင့် ပြည်သူများအကြား လူကြိုက်များမှု လျော့ကျလာကြောင်း ဆန်းစစ် တွေ့ရှိသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်စစ်ပွဲအတွင်း လူသားဒိုင်းဆောင်ရွက်ခဲ့သူ ဒဏ်ငွေဆောင်မည်မဟုတ်

ဝါရှင်တန် ဩဂုတ် ၁၃

အီရတ်စစ်ပွဲအတွင်း လူသားဒိုင်းအဖြစ် ဆောင်ရွက်ခဲ့သူ ဖိတ်ဖစ်ပင်ဂါအမည်ရှိ အမေရိကန် အမျိုးသမီးတစ်ဦးအား ဥပဒေ ချိုးဖောက်မှုဖြင့် အမေရိကန်အစိုးရက ဒဏ်ငွေရိုက်ခဲ့ကြောင်းသိရသည်။

ဖိတ်ဖစ်ပင်ဂါသည် အသက်၆၂နှစ်အရွယ်ရှိ ကျောင်းဆရာမဟောင်းတစ်ဦးဖြစ်ပြီး အစိုးရက ဆင်နွှဲသည့် အီရတ်စစ်ပွဲကို မလိုလားသည့်အတွက် အီရတ်သို့ သွားရောက်ပြီး လူသားအကာအကွယ်ဒိုင်းများအဖြစ် ဆောင်ရွက်ခဲ့သူများအနက် တစ်ဦးဖြစ်သည်။

၎င်းအနေနှင့် လုံးဝနောင်တမရကြောင်း၊ အစိုးရက ၎င်းအပေါ်ဒဏ်ရိုက်မှုသည်လည်း တရားမျှတမှုမရှိကြောင်း၊ ၎င်းအနေနှင့် မည်သည့် ဥပဒေကိုမျှ မချိုးဖောက်ကြောင်း၊ ထို့ကြောင့်ဒဏ်ငွေလည်း ပေးဆောင်မည်မဟုတ်ကြောင်း စီအင်န်အင်န် သတင်းထောက်အား ပြောကြားခဲ့ကြောင်း ဖော်ပြသည်။

စီအင်န်အင်န်။



မီးပုံးမျှောပွဲ

ဩဂုတ် ၁၁ ရက်က တရုတ်ပြည်တောင်ပိုင်း ကွမ်စီချောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂွီလင်မြို့တွင် ရိုးရာအစဉ်အလာ ပွဲတော်တစ်ခု၌ မီးပုံးငယ်များကို ဗီကျန်မြစ် အတွင်းသို့ ကမ္ဘာလှည့် ခရီးသည်တစ်ဦး မျှောနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

မလေးရှားနိုင်ငံ၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

ကွာလာလမ်ပူ ဩဂုတ် ၁၂

မလေးရှားနိုင်ငံဆီလန်ဂေါ်ပြည်နယ် ရဲတပ်ဖွဲ့က ယခုနှစ်အတွင်းအကြီးအကျယ်ဆုံးစီးနင်းရှာဖွေမှု ပြုလုပ်ခဲ့ရာတွင် ပီတလင်ဂျာယာဒေသအား ရှာဖွေခဲ့စဉ် အမြွာညီအစ်မ နှစ်ဦးအား ဖမ်းဆီးခဲ့ပြီး မူးယစ်ဆေးဝါး ကီလို ၃၈၀ ကို ဖမ်းဆီးမိခဲ့သည်။

ဆီလာယန်လက်ကားဈေးတွင် ငါးရောင်းသူ အသက် ၂၁ နှစ်ရှိ အမြွာညီအစ်မနှစ်ဦးအား ပီတလင်ဂျာယာရှိ ၎င်းတို့၏ အငှားအိမ်တွင် ဖမ်းဆီးလိုက်ကြောင်း ဆီလန်ဂေါ်ရဲတပ်ဖွဲ့ အကြီးအကဲစူးဟာမာကသတင်းထောက်များအား ပြောကြားသည်။

နှစ်နာရီခန့်စောင့်ကြည့်လေ့လာပြီးနောက် လူတစ်ဦး ကားမောင်းနှင်၍ အိမ်ခြံဝင်းအတွင်း ဝင်လာကာ အိမ်အတွင်း ဝင်ရောက်ပြီး ပလတ်စတစ်အရုပ်များ ပိုက်၍ ထွက်လာပြီးနောက် ကားနောက်ထဲသို့ ထည့်သည်ကို မြင်တွေ့ရကြောင်း ၎င်းကပြောကြားသည်။

ဆီလန်ဂေါ်မူးယစ်ဆေးဝါးဌာနခွဲကအဆိုပါလူအား ဖမ်းဆီးကာအိမ်အတွင်းနှင့်ကားကို ရှာဖွေရာ ကဖင်းကီလို ၂၀၀ နှင့် ပြုပြင်စီရင်ထားသည့် ဘိန်းစိမ်းများကို ရှာဖွေတွေ့ရှိသည်။

၎င်း၏ သမီးများဖြစ်သည့် အမြွာညီအစ်မ နှစ်ဦးအား ဖမ်းဆီးလိုက်ပြီး အခြားမူးယစ်ဆေးဝါး ဂိုဏ်းသားများ ယခုထက်တိုင် လွတ်နေဆဲဖြစ်၍ ရဲတပ်ဖွဲ့က ၎င်းကိစ္စကို စုံစမ်း စစ်ဆေးလျက်ရှိကြောင်း အဆိုပါ ရဲတပ်ဖွဲ့မှ အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယောက်မနှင့်ရိုက်သောအမေ၊ သားကိုအသက်စွန့်ခွင့်ပြုသောအမေ

အမေ့သား

ကျွန်တော်၏အမေမှာ အထက်ပါအမေမျိုးဖြစ်ပါသည်။ အမေသည် ကျောင်းစာကို လေးတန်းအထိ သင်ဖူးသည်ဟု ပြောသံကြားဖူးပါသည်။ ဧရာဝတီတိုင်း ဓနုဖြူတွင်မွေးပြီး ရန်ကုန်မြို့ မြေနီကုန်းတွင် ကြီးပြင်းခဲ့သော အမေသည် ပေါင်းသင်းဆက်ဆံရေးကောင်းသူ၊ မျက်နှာရိပ်မျက်နှာကဲကြည့်ပြီး ဆက်ဆံတတ်သူ၊ ကုလားစကားကို မွတ်နေအောင် ပြောတတ်သူ၊ အင်္ဂလိပ်စကားကို အများသဘောကျအောင် မပီကလာကြားညှပ်ပြောတတ်သူ ဖြစ်ပါသည်။

အမေ့အကြောင်း ရှောမွေးကို ဗာရာဏသီချဲ့နေခြင်းမဟုတ်ပါ။ အမေ့အဆင့်ကို သိသာရန်သာ ဖော်ပြနေခြင်း ဖြစ်ပါသည်။ အမေသည် တောင်ဥက္ကလာတွင်နေပြီး ကျွန်တော်က ကမာရွတ်မြို့နယ်တွင် နေပါသည်။ သူ၏ မြေးများကို သတိရသည်ဟုဆိုကာ သားနှင့်မြေးများ ကြိုက်သောဟင်းများကို ချက်ပြုတ်ပြီး ကျွန်တော့်အိမ်သို့ ဘတ်စ်ကားစီးပြီး ၇-၈-၂၀၀၃ နေ့ညနေတွင် အမေရောက်လာပါသည်။ အမေချက်သောလက်ရာကို(လက်ရာမြောက်သဖြင့်) ဝစီပိတ်ကုန်းကြိတ်နေသော သား၊ မြေးများကိုကြည့်ကာ အမေပီတိဖြစ်မည်ကို အမေ့သားကျွန်တော်သိနေပါသည်။ ညတွင် ရှေးဟောင်းနှောင်းဖြစ်များ ငယ်ငယ်က ကျွန်တော်၏ ကောင်းသောအကျင့်များ၊ မကောင်းသောဥဉ်များကို မြေးများသို့ ကောင်းကျိုးဆိုးပြစ်နှင့်တကွ စိတ်ရှည်လက်ရှည် ပြောပြရှင်းပြနေသော အမေ့ကို မော့ကြည့်နေသည့် သားကြီးနှင့် သမီးငယ်၏အသိဉာဏ်တွင် မည်သို့သောပုံရိပ်များ ထင်ဟပ်မည်ကိုလည်း အမေ့သားကျွန်တော် ကောင်းကောင်းသိနေပါသည်။

မနက်မိုးလင်း၍ ကလေးများကို ကျောင်းပို့ရန်ပြင်ဆင်ချိန်တွင် သူပါလိုက်မည်ဟုပြောသော အမေကို ကျွန်တော်တို့နှင့်အတူ ခေါ်သွားပါသည်။ ခုခေတ်ကလေးတွေ တော်တော်ကံကောင်းတယ်ဟု သမီးတို့ကျောင်း အနေအထားကျောင်းဂိတ်ဝမှ စောင့်ရှောက်နေသော ဆရာ၊ ဆရာမများကို အကဲခတ်ကာ အမေမှတ်ချက်ပြုပါသည်။ ထိုအခါ ကျွန်တော်ငယ်စဉ်က တက်ခဲ့ရသော သက်ကယ်မိုး ဝါးထရံကာ မြေပြင်တွင် စာသင်ခုံများချ၍ သင်ခဲ့ရသော ဦးရွှေအောင်ကျောင်း (ယခု မြေနီကုန်းမပိုလမ်းရှိ အမက-၁၉ စမ်းချောင်း)ကို မှတ်မှတ်ထင်ထင် သတိရမိပါသည်။ ယခုသမီးတက်သော ဤကျောင်းမှာ ကျွန်တော်တို့ တက္ကသိုလ်သို့ စတက်သော (ယခင်အခေါ်) သဘာဝသိပ္ပံ တက္ကသိုလ်ဖြစ်ကြောင်း ကျွန်တော့်ဇနီးက အမေ့ကိုပြောသောအခါ အမေပြုံးပြီး ကျွန်တော့်ကို ကြည့်ပါသည်။

ဘာကြောင့် အမေပြုံးသည်ကိုသိသော အမေ့သားကျွန်တော့် အတွေးများသည် လွန်ခဲ့သောနှစ် (၃၀) ကာလသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားခဲ့ပါသည်။

မှတ်မှတ်ရရဆိုရလျှင် ကျွန်တော်တက္ကသိုလ်စတက်သော ၁၉၇၄ ခုနှစ်တွင် ဦးသန့်အရေးအခင်း ဖြစ်ပါသည်။ ဦးသန့်အရေးအခင်း စဖြစ်သောနေ့တွင် ကျွန်တော်ကျောင်းတက်ပါသည်။ ထိုအချိန်က (ဘီ-ဝမ်း)ဟု ခေါ်သော စာသင်ခန်းတွင် ဖြစ်ပါသည်။ အမေက ရိုးရိုးနှင့်နားလည်အောင် သင်ထားသော နင်"ရတ်ရတ်ရတ်ရတ်လုပ်ရင် ဂုတ်ဂုတ်ဂုတ်ဂုတ်"ဖြစ်သွားမယ်ဟု ဆုံးမစကားအရ ကျွန်တော်စာသင်ခန်းထဲမှာပင် သူငယ်ချင်းအချို့နှင့် ထွေရာလေးပါးပြောဆိုနေခဲ့ပါသည်။ ညနေ ၄ နာရီထိုးတော့ သမိုင်းအားကစားရုံသို့ သွားရောက်ကာ ဂျူဒိုကစားပါသည်။

ထိုအချိန်ထိ အားလုံးအေးအေးဆေးဆေးပင်။ ဂျူဒိုကစားပြီး အင်းစိန်လမ်းမသို့ထွက်ကာ နံပါတ်(၆) ကားထွက်စီးတော့မှ ပြဿနာစပါသည်။ အရေးအခင်းကြောင့် လမ်းများပိတ်သည်ဟုကြားရပြီး ကားများမထွက်တော့ဟု ကြားရသည့်အခိုက် ပထမဦးဆုံးခံစားချက်မှာ စိုးရိမ်ပူပန်နေမည့် အမေ့မျက်နှာကို ပြေးမြင်နေခြင်းပင်။ ကံကောင်းချင်တော့ နာရီဝက်ခန့်အကြာတွင် (၆) ကားတစ်စီး မှတ်တိုင်သို့ ရောက်လာသည်။ တက်စရာနေရာမရှိ၍ ကားနောက်က ဘန်ပါပေါ်မတ်တတ်ရပ်၊ ကားအမိုးရေမြောင်း သေးသေးလေးကို လက်က တွယ်ကာ အသည်းတယားယားနှင့် ဘုရားပေါင်းစုံတကာ မြေနီကုန်းအထိ လိုက်ခဲ့ရပါသည်။

မြေနီကုန်းရောက်တော့ နည်းနည်းတော့စိတ်ချရပြီ။ အမေ့မောင်အရင်း ကျွန်တော့်ဦးလေးသည် ကားပိုင်ရှိပြီး မြေနီကုန်းကျောင်းလမ်းတွင် နေထိုင်သဖြင့် ဦးလေးကို တောင်ဥက္ကလာသို့ ပို့ခိုင်းနိုင်၍ဖြစ်သည်။ မြေနီကုန်းရှိ (ယခင်အခေါ်) နံပါတ်(၁၆) ကားဂိတ်တွင် တာမွေဘက်သို့သွားရန် ကားစောင့်နေသော လူအုပ်ကြီးကို ဦးလေးကားပေါ်မှငေးကြည့်ရင်း လူလက်တစ်ဆုပ်စာကြောင့် လူအများ ဒုက္ခရောက်ရပုံကို လူငယ်တစ်ဦး၏ အတွေးဖြင့်ပင် ကျွန်တော်စဉ်းစားနေမိပါသည်။ စကားနည်းသော ဦးလေးဖြစ်သူက အမေတော့ တော်တော်စိတ်ပူနေလောက်ပြီဟုသာ မှတ်ချက်ချသည်။ ထိုစကားလေးငါးခွန်းသည် ကျွန်တော့်အတွက်တော့ ရင်ခုန်သံများများ မြန်စေပါသည်။

ကျွန်တော့်အိမ်ရှေ့ကားရပ်တော့ အမေသည် အိမ်ပေါက်ဝတွင် မတ်တတ်ရပ်စောင့်နေသည်ကို တွေ့ရပါသည်။ (၆၀)ဝပ် လမ်းမီးတိုင်အရောင်ဖြင့် အမေ့မျက်နှာပေါ်တွင် စိတ်သက်သာရာရသွားသော ခံစားမှုနှင့်ဒေါသထွက်သော ခံစားမှုတို့ကို ကျွန်တော်မြင်လိုက်ရသည်။ အခြေအနေဆိုးပြီဆိုတာကို သိသော ကျွန်တော်က ကားပေါ်ကဆင်းဆင်းချင်း ဘယ်မှမသွားဘဲ ဂျူဒိုကစားနေကြောင်း ကားမရှိ၍ ဦးလေးကိုလိုက်ပို့ခိုင်းကြောင်းကိုသာ ပြောပြောဝင်ဝင်နှင့် ခြံဝန်းထဲသို့ဝင်လာသည်။ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်မိသော ဦးလေးကလည်း အမေ့ကိုကားပေါ်မှပင် နှုတ်ဆက်၍ မောင်းထွက်သွားပြီ။

အမေသည်ဘာမှပြန်မပြောဘဲ လက်နှစ်ဖက်နောက်ပစ်၍ တံခါးဝမှ ဖယ်ပေးသည်။ အမေ့နောက်တွင် ကုပ်ကုပ်လေးရပ်နေသော ညီမလေးနှင့် ညီလေးတို့သည် ကျွန်တော့်ကို ငေးကြည့်နေသည်ကိုလည်း ယခုတိုင် မြင်ယောင်ဆဲ၊ တံခါးဝကို ကျွန်တော်စိတ်ဒုံးဒုံးချ၍ ဖြတ်ကျော်လိုက်ပြီ။ အမလေးပင် မတလိုက်နိုင်။ ကျွန်တော့်တင်ပါးပေါ်တွင် ပူလောင်ခြင်း၊ နာကျင်ခြင်းဝေဒနာများ ဆက်တိုက်ကျရောက်ခဲ့ပါသည်။ အမေသည်ကျွန်တော့်ကို ယောက်မနှင့်အချက်ပေါင်းများစွာ ရိုက်နှက်နေပါသည်။ ကျွန်တော်ခံစားနေရသော ဝေဒနာထက် အမေ့ရင်ထဲက အပူမီးကို နားလည်သော အမေ့သားကျွန်တော် အံကြိတ်၍ခံပါသည်။ အမေစိတ်တွင်းမှ ဝေဒနာသက်သာရာရသွားသောအခါ အမေကျွန်တော့်ကို ဆုံးမခြင်းရပ်ပါသည်။ အမေ့လက်တွင်းမှ ယောက်မပစ်ချသံကြားမှ အမေ့ကို ကျွန်တော်လှည့်ကြည့်ရာ အမေ့မျက်နှာတွင် မျက်ရည်များစီးကျနေသည်ကို ကျွန်တော် မယုံကြည်နိုင်စွာ တွေ့ခဲ့ရပါသည်။ (ယောက်မတစ်ချောင်း ကျိုးအောင်အရိုက်ခံရသော ဝေဒနာကို ယနေ့ထိမတွေးရဲပါ) ကျွန်တော့်တင်ပါးမှ ဝေဒနာထက် ရင်ထဲတွင် မဖော်ပြနိုင်သော ခံစားမှုတစ်ခုဖြစ်ပေါ်ခဲ့ရပါသည်။ ထိုနေ့မှစတင်၍ ယနေ့ထိ အမေ မျက်ရည်ကြီးပေါက်ကျအောင် ကျွန်တော်မလုပ်တော့ခြင်းသည် အမေ့၏ ယောက်မနှင့် ဆုံးမခဲ့ခြင်း၏ အကျိုးကျေးဇူးများပင်။ ဘာကြောင့် အမေသည်လောက် ကျွန်တော့်ကိုရိုက်ရသလဲဟု အမေစိတ်ပြေချိန်တွင် မေးကြည့်ရာ ဥပဒေကိုဖောက်ဖျက်၊ အစိုးရကိုဆန့်ကျင်တာလုပ်လို့ ပြစ်မှုပြစ်ဒဏ်ကျခံရရင် ငါ့သားလူညွန့်တုံးရောပေါ့ဟုသာ ရိုးရှင်းစွာ ဖြေပါသည်။ နားလည်လွယ်သော အမေ့ဆိုဆုံးမမှုကြောင့် ယနေ့ထိ ကျွန်တော်ဥပဒေကို အမြဲလိုက်နာပါသည်။ အမေ့ကျေးဇူးကြီးပေစွ။

အမေနှင့်ပတ်သက်၍ အမှတ်ရစရာတစ်ခုမှာ ကျွန်တော်ကျောင်းပြီး၍ တပ်ထဲဝင်လိုကြောင်း အမေ့ကို ခွင့်ပန်ရာ အမေအလွယ်တကူ ခွင့်ပြုခဲ့ခြင်းပင်။ သားသမီးများကို ရင်အုပ်မကွာ စောင့်ရှောက်လိုသောအမေ နှာစေးချောင်းဆိုး အအေးမိလျှင်ပင် ပျာယာခတ်နေသော အမေသည် အသက်အန္တရာယ်နီးသော ရာသီဥတုဒဏ်၊ ရောဂါဘယဒဏ်၊ အနေအထိုင် အစားအသောက် ဆင်းရဲသော အလုပ်ကိုရွေးလိုသည့် ကျွန်တော့ဆန္ဒကို တစ်မုဟုတ်ချင်း ဆုံးဖြတ်ချက်ချခွင့်ပြုခဲ့သောအမေ့ကို ကျွန်တော်နားမလည်နိုင်ပါ။ လေးတန်းလောက်သာ ပညာတတ်သောအမေသည် သားဗိုလ်ဖြစ်၍ အမေပါဝင့်ကြွားလို၍ အနေအစားချောင်လည်လို၍ ခွင့်ပြုခြင်းပေလောဟု ကျွန်တော်သံသယရှိ၍ အမေ့ကို ကျွန်တော်မေးကြည့်ပါသည်။ ဒုတိယကမ္ဘာစစ်မီး မြန်မာနိုင်ငံသို့ ကျရောက်စဉ်ကာကွယ်ပေးမည့် မြန်မာစစ်တပ်မရှိ၍ အသက်အရွယ်မရွေး လူမျိုးဘာသာမရွေး အဆင့်အတန်းမရွေး ဒုက္ခပင်လယ်ဝေခဲ့ရပုံများ၊ သားပျို၊ သမီးပျိုများကို လူမျိုးခြားများက စော်ကားမော်ကားပြုခဲ့ပုံများကို ရှင်းပြပြီး အမေက တိုင်းသူပြည်သားတွေ အေးအေးချမ်းချမ်းနေထိုင်ဖို့ စစ်တပ်ရှိဖို့လိုတယ်၊ စစ်တပ်ထဲမှာ စစ်သားတွေလိုသည်ဟုဆိုပါသည်။ ကျွန်တော်အိမ်ရှေ့က ဗိုလ်သန်းစိန်လို တိုက်ပွဲကျသွားရင်ရောဟုမေးရာ အမေရင်ကျိုးရမှာပေါ့တဲ့၊ ဒါပေမယ့် စစ်သားတိုင်းလဲ မသေပါဘူးတဲ့၊ သူပုန်သူကန်ဖြစ်ပြီး သေသွားတာထက်စာရင် စစ်သားဘဝနဲ့ တိုက်ပွဲကျတာကကောင်းတာပေါ့ဟဲ့ ဟုလည်းပြောပါသည်။ အမေ့တွက်ကိန်းမှန်ပါသည်။ ကျွန်တော်အမေ့မေတ္တာကြောင့် ခြစ်ရာရှရာပင်မရှိဘဲ တာဝန်ထမ်းနေဆဲပင်။

အထက်တွင် ကျွန်တော်တင်ပြခဲ့သကဲ့သို့ အရေးအခင်းတွင် ကြောင်သူတော်နိုင်ငံရေးသမားများကြောင့် ယောင်တောင်တောင် စမ်းတမ်းတမ်းဖြင့် ဝင်ရောက်လက်တည့်စမ်းခြင်းကြောင့် မိမိကိုယ်မိမိ နောက်ကြောင်းမလုံဘဲ နေရာအနှံ့အပြားသို့ ထွက်ပြေးသွားခဲ့သဖြင့် ယနေ့တိုင် မိကွဲဖကွဲ သားကွဲ မယားကွဲဖြင့် ဓာတ်သိမ်းမလုရှာကြသူများ အကြောင်းကြားရလျှင် ကျွန်တော်များစွာ ကြေကွဲမိပါသည်။ အမေ့ကိုလည်း အကြိမ်ကြိမ်အဖန်ဖန် ဦးတင်မိပါသည်။ မနုသတ္တ ဒုလ္လဘဟူသော ရခဲလှစွာသည့် လူ့ဘဝတွင် မိမိ၏အသက်ကို တန်ဖိုးရှိစွာဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက်မသုံးနိုင်ဘဲ လက်တစ်ဆုပ်စာ ကိုယ်ကျိုးရှာနိုင်ငံရေးသမားများ၏ လှည့်ကွက်အတွင်း လည်စင်းပေးလိုက်ရသည့်၊ စတေးခံလိုက်ရသည့်အဖြစ်များကို တွေ့မြင်ကြားသိရချိန်တွင် ယင်းတို့အတွက်ရော တိုင်းပြည်အတွက်ပါ များစွာဝမ်းနည်းမိပါသည်။ အမေ့ကို ထပ်ကာထပ်ကာ ဦးတင်မိပါသည်။

ယနေ့အချိန်တွင် အမေအရွယ်သို့ ရောက်နေကြပြီဖြစ်သော အမေများမှာ ကျွန်တော့်အမေထက် စာပေပညာသာမက ဗဟုသုတပါ ပိုမိုတတ်ကျွမ်းကြပါသည်။ ထိုအမေများမှာ ကျွန်တော့်အမေထက် ဘာသာစကားများပိုမိုတတ်ကျွမ်းပြီး အမြင်လည်းကြွယ်ကြမည်မှာ သေချာလှပါသည်။ မိမိဝမ်းနှင့်လွယ်မမွေးထားသော်လည်း လူငယ်အများက အထင်ကြီးကိုးကွယ်လိုစိတ်ဖြင့် အမေဟုသတ်မှတ်ခံရသူ အမေမျိုးလည်း ရှိကြပါလိမ့်မည်။ ကျွန်တော့်အမေထက် အစစအရာရာသာလွန်သော ထိုအမေများသည် ဝမ်းနှင့်လွယ်သော သားသမီးများအားလည်းကောင်း၊ ဝမ်းနှင့်မလွယ်သော သားသမီးများအားလည်းကောင်း၊ ကျွန်တော့်အမေကဲ့သို့ ဆုံးမခဲ့မည်ဆိုလျှင် ကျွန်တော့်အမေကဲ့သို့ သားသမီးများကို တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိစွာ အသက်စွန့်သင့်ပုံကို မှန်ကန်စွာ ဆုံးမခဲ့မည်ဆိုလျှင် အားလုံးအတွက် မင်္ဂလာ။ အဟောသိကံ ချမ်းသာပေစွ။

ထို့ကြောင့် လူငယ်အများက အမေဟုခေါ်သော အမေရေ ----
သားသမီးတွေကို ယောက်မနှင့်ရိုက်လှည့်ပါအမေ -----

သားသမီးတွေကို တိုင်းပြည်နဲ့ လူမျိုးအတွက် ကောင်းသောအသက်စွန့်ခြင်းကိုသာ လမ်းပြပါလေ၊ သားတို့ သမီးတို့ကလည်း ကောင်းကျိုးချမ်းသာကိုသာ ဆောင်ကြဉ်းပေးနိုင်မယ့် အမေမျိုးကိုသာ တွေ့နိုင်ကြပါစေ---။ ။

ရန်ကုန်တက္ကသိုလ် ဓာတုဗေဒစာစောင်ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက စီစဉ်ရေးသား လမ်းညွှန်သည့် Studen's Guide ဘာသာစုံသင်ရိုးကုန် စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း(ဒသမတန်း)ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဓာတုဗေဒ ဘာသာရပ် သင်ရိုးကုန်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ဦးမင်းဦး ဌာနမှူး (သင်တန်းရေးရာ) ဘွဲ့နှင်းသဘင် အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း-၅၃၆၅၀၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၂၅** ၅။ မြန်မာ့သံစဉ်ချိုနှာဝင်
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၅** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ်(စိတ်ပညာ)
  - (ခ) ပထမနှစ် (ဝါဏိဇ္ဇဗေဒ)
- **၅:၃၅** ၁၀။ တိုင်းကျိုးပြည်ပြုတို့ရှေးရှု
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင် (အပိုင်း-၄)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မှတ်တမ်း (အပိုင်း-၉) ဇနကစွဲဖြင့်အောင်ပွဲဆီ၊ ငြိုးခြံနေထိုင်ကြိုးစားသည်**
  - ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သူငယ်ချင်းသုံးဖော် (အပိုင်း-၈)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ဒါတွေကို သိဖို့လိုတယ်

* မြှောက်တိုင်းလည်း မမြှောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

အာဟာရတိုက်ကျွေး

ဩဂုတ် ၅ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ဂိုးလ်ပါဝါကုမ္ပဏီတို့ ပူးပေါင်းလျက် နေ့ကလေးထိန်းကျောင်းမှ ကလေး ၄၅ ဦးနှင့် ၃၆ ရပ်ကွက်အတွင်းရှိ ကလေးငယ် ၄၀ ဦး စုစုပေါင်း ၈၅ ဦး တို့အား အာဟာရတိုက်ကျွေးစဉ်။ (၃၀၂)

အမှန်ကို မြင်နိုင်ကြပါစေ

ထွန်းဟန်ဆွေ

မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အနေအထားအရ ကမ္ဘာတွင် လူဦးရေအများဆုံးဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေခြင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့၏ အကြားတွင် တည်ရှိနေခြင်း၊ သယံဇာတများ ပေါများကြွယ်ဝခြင်း၊ ကုန်းတွင်းပိတ်နိုင်ငံမဟုတ်ဘဲ ရှည်လျားကျယ်ပြန့်သည့် ပိုင်နက်ရေပြင်ရှိနေခြင်းတို့သည် ကမ္ဘာတွင် ဗိုလ်ကျစိုးမိုးလိုသူများအတွက် အထူးလွှမ်းမိုး ချုပ်ကိုင်ခြယ်လှယ်လိုသော နိုင်ငံတစ်နိုင်ငံဖြစ်နေသည်နှင့်အညီ ၎င်းတို့လွှမ်းမိုးချုပ်ကိုင်နိုင်သော အစိုးရမျိုး ပေါ်ထွက်လာနိုင်ရေးအတွက် အပတ်တကုတ် အားထုတ်ကြိုးပမ်းလုပ်ဆောင်နေလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

ဗိုလ်ကျစိုးမိုး ခြယ်လှယ်လိုသူများ၏ ကမ္ဘာတွင် လုပ်ဆောင်နေကျ လုပ်နည်းလုပ်ဟန်များကို လေ့လာသုံးသပ်ကြည့်သော် ၎င်းတို့လက်ကိုင်တုတ်အဖြစ် အသုံးချ၍ ရနိုင်မည့်သူများကို နိုဘယ်လ်ဆုအပါအဝင် ဆုမျိုးစုံကို ဒေါ်လာအမြောက်အမြားနှင့် အတူရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဥပဒေကိုချိုးဖောက်၍ အမှုကြီးငယ်များနှင့် ရင်ဆိုင်နေရပြီး ထွက်ပြေးတိမ်းရှောင်လာသူများ၊ ဝါဒကွဲပြားသူများ၊ ကိုယ်ရေးကိုယ်တာကြောင့် နာကြည်းနေသူများကို ပြည်ပြေးများအဖြစ် နည်းမျိုးစုံဖြင့် အကူအညီပေး၍ မွေးမြူအသုံးချခြင်း၊ ပစ်မှတ်နိုင်ငံရှိ သောင်းကျန်းသူများ၊ အတိုက်အခံများကို ပြောင်ပြောင်တင်းတင်းဖြင့်တစ်မျိုး၊ လျှို့ဝှက်၍တစ်ဖုံ အကြောင်းမျိုးစုံပြပြီး ငွေကြေးလက်နက်များ အပါအဝင် အထောက်အကူမျိုးစုံပေးခြင်း၊ သတင်းနည်းပညာ အသာစီးရမှုကိုအသုံးပြုပြီး ရုပ်မြင်သံကြား၊ အသံလွှင့်ဌာန၊ သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်စသည်တို့မှ လုပ်ကြံသတင်းများ၊ အဆိုးမြင်ဝါဒီတို့၏ တစ်ဖက်သတ်အစွန်းရောက် အမြင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများ၊ တကယ့်ဖြစ်ရပ်မှန်အသွင်ဖြင့် လုပ်ကြံဇာတ်လမ်းများစသည်တို့ကို လွှင့်ထုတ်ရေးသားဝါဒဖြန့်ချိပေးခြင်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဗန်းပြ၍ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ စီးပွားရေးအရ ပိတ်ပင်တားမြစ် အရေးယူခြင်းနှင့် စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်ခြင်း စသည်တို့ကို တွေ့ရပါသည်။ မြန်မာနိုင်ငံကိုလည်း အဆိုပါ လုပ်နည်းလုပ်ဟန်များအတိုင်း ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသည်ကို ၈၈ ခုနှစ် အရေးအခင်းနှင့် မျက်မှောက်စွက်ဖက်မှု အခြေအနေအရ သိသာထင်ရှားစွာ မြင်နိုင်ပါသည်။

ထိုသို့သော လုပ်နည်းလုပ်ဟန်အတိုင်း ဆောင်ရွက်သွားခဲ့မှုကြောင့် ၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်ပေါ်လာခဲ့ရကာ နိုင်ငံသည်လည်း ပြိုကွဲလုနီးပါး ဖြစ်ပေါ်ခဲ့ရပါသည်။ ပြည်သူအများမှာလည်း မင်းမဲ့အခြေအနေကြောင့် စိုးရိမ်ထိတ်လန့် တုန်လှုပ်ချောက်ချားခဲ့ရကာ အချို့သော အပြစ်မဲ့ပြည်သူများသည် ခေါင်းဖြတ်အသတ်ခံရမှုနှင့်ပင် ကြုံတွေ့သွားခဲ့ရသည်ကို ခါးသီးသော ဘဝသင်ခန်းစာအဖြစ် မည်သူမျှ မေ့နိုင်ဦးမည်မထင်ပါ။

ယခုအချိန်အခါတွင် အလားတူဖြစ်ရပ်မျိုး ထပ်မံ၍ ပေါ်ထွက်လာစေရန်အတွက် အသစ်တစ်ဖန် အချိန်ကိုက် ပြည်တွင်း၊ ပြည်ပအဖျက်သမားများအနေဖြင့် လုပ်ကြံဖန်တီးနေလျက်ရှိသည်ကို သတိမူရပါမည်။ တစ်ဖက်စွန်းရောက် အဆိုးမြင်ဝါဒီများ၏ လုပ်ဆောင်နေမှုများကိုလည်း သတိဉာဏ်ပညာဖြင့် ဆင်ခြင်ကြရပါမည်။

ဗိုလ်ကျစိုးမိုးလိုသူများ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများတို့၏ ဖန်တီးလုပ်ဆောင်နေမှုများကို ယခင်ခံစားခဲ့ကြရဖူးသည့် ခါးသီးသော သင်ခန်းစာ အတွေ့အကြုံများဖြင့်ဆင်ခြင်၍ အမှန်တရားကို ရှုမြင်ကြကာ နားမယောင်ဖို့၊ ကြိုးဆွဲတိုင်း မကမိကြဖို့၊ နှစ်ကြိမ်နှစ်ခါ အညာမခံရမိစေဖို့ သတိကြီးစွာ ထားရှိကြရပါမည်။

နိုင်ငံရေးပါတီအားလုံး၊ ပြည်သူများအားလုံးတို့ အနေဖြင့် လက်ရှိအစိုးရ၏ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေမှုများကို ပကတိရိုးသားသော အမြင်ဖြင့် မျက်မှန်စိမ်းမတပ် မည်သည့်အရောင်မှမစွက်ပဲ ရှုမြင်ကြရန်လိုပေသည်။ နိုင်ငံတော်စီးပွားတိုးတက်ရေးကို ဦးတည်ပြီး နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးပါမကျန် မျှတစွာ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှု၊ နယ်စွန်နယ်ဖျားပါမကျန် တိုင်းနှင့် ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် မူဝါဒရပ်ကို ချမှတ်အကောင်အထည်ဖော်နေမှုများကို ပြည်ပမှ တားဆီးပိတ်ပင်နေမှုနှင့် ပြည်ပမှ အထောက်အကူရမှုမရှိဘဲ(သို့မဟုတ်) အနည်းငယ်သော ထောက်ကူမှုဖြင့် ဆောင်ရွက်နေလျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်ကို မည်သူမျှ မငြင်းနိုင်ပါ။ ဆည်မြောင်းတာတမံများ၊ လမ်းတံတားကြီးငယ်များ၊ အရှေ့အနောက် တောင်နှင့်မြောက် ကူးလူးဆက်သွယ်သွားလာနိုင်ရန် ကွန်ရက်သဖွယ် ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့တည်ဆောက်လာမှုများ၊ လေကြောင်းလမ်းများ တိုးချဲ့နိုင်ရန် လေယာဉ်ကွင်းများ တည်ဆောက်နေမှုများ၊ ကုန်ထုတ်စက်ရုံကြီးများ တည်ဆောက်နေမှုများ၊ ကျန်းမာရေး၊ ပညာရေးတို့တွက် ဆေးရုံများ၊ တက္ကသိုလ်များကို တိုင်းနှင့်ပြည်နယ်အလိုက် တိုးချဲ့ဖွင့်လှစ်နေမှုများမှာ အကြွားမဟုတ် လက်တွေ့ထင်ရှားစွာ တွေ့မြင်နိုင်ပေမည်။ မြင်တတ်ရှုတတ်သူများအတွက် တံတားနှင့် ဆည်တမံကြီးများကို တစ်လလျှင်တစ်စင်း၊ တစ်ခုနှုန်းဖြင့် တည်ဆောက်ဖွင့်လှစ်လျက်ရှိသည်ကိုလည်း မြင်တွေ့နိုင်ပါသည်။ ဆောက်လုပ်ဆဲ၊ တည်ဆောက်ဆဲများလည်း အများအပြားရှိနေပါသည်။ တဲအိမ်မှသည်တိုက်ပေါ်ဆီသို့ ရောက်ရှိအောင်ဆောင်ရွက်ပေးနေမှု၊ ခမ်းနားထည်ဝါသော ခေတ်မီအဆင့်မြင့် လူနေတိုက်တာ အဆောက်အအုံများ ပေါ်ထွက်ဖြစ်ထွန်းလာမှုများလည်း ဒုနှင့်ဒေးပင် မျက်မြင်တွေ့ရှိနေရပါသည်။ မြန်မာ့သမိုင်းတွင် အုပ်စိုးခဲ့ကြသော အစိုးရအဆက်ဆက် လက်ထက်တည်ဆောက်မှုများထက် ယခုအစိုးရလက်ထက် သက်တမ်း ၁၀ နှစ်ကျော်ကာလအတွင်း တည်ဆောက်ဖြစ်ထွန်းအောင်မြင်မှုများမှာ မနှိုင်းယှဉ်နိုင်လောက်အောင် အများအပြားဖြစ်ထွန်း အောင်မြင်ခဲ့ပြီး ဆက်လက်၍လည်း နေ့မအား ညမနားဘဲ ဆောင်ရွက်နေကြသည်ကို ရှုမြင်ကြရမှာဖြစ်ပါသည်။ ယခုလို တည်ဆောက်မှုများသည် မည်သူ့အတွက်၊ မည်သူ့အဖွဲ့အတွက်မှမဟုတ် နိုင်ငံနှင့် နိုင်ငံသားများ အားလုံးအတွက် တည်ဆောက်ခဲ့၊ တည်ဆောက်လျက်ရှိကြသည်ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းပင် သိနားလည်ကြမှာပါ။ မသိချင်ယောင်၊ မမြင်ချင်ယောင် ဆောင်နေကြသည်မှအပ လူတိုင်း လူတိုင်း သိကြမှာ မလွဲပါဟု ဆိုချင်ပါသည်။

ဒီနေရာမှာ စာရေးသူအနေဖြင့် နိုင်ငံတော်၊ နိုင်ငံသားနှင့် အစိုးရကို ခွဲခြားသိမြင်ကြဖို့ မသိမမြင်ယောင် ဆောင်နေကြသည့် အစွန်းရောက်ဝါဒီများ၊ ငါမင်းသားမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်လိုက်မည်လို့ ခံယူချက်ရှိနေသူများကို ထောက်ပြအသိပေးလိုပါသည်။ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားများသည် ကမ္ဘာတည်သရွေ့ အမြဲတည်ရှိနေမှာဖြစ်ပြီး အစိုးရအဖွဲ့တစ်ဖွဲ့အနေဖြင့်မူ အကြောင်းအမျိုးမျိုးတို့ကြောင့် နိုင်ငံအကျိုးအတွက် နိုင်ငံအာဏာကို ရယူထားသည့် ယခုလက်ရှိအစိုးရပင်ဖြစ်စေ၊ နောင်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပြည်သူများမှ ရွေးချယ်တင်မြှောက်လိုက်၍ ဖြစ်ပေါ်လာမည့်အစိုးရပင် ဖြစ်စေ အတိုင်းအတာ အချိန်ကာလတစ်ခုအတွင်း၌သာ သက်တမ်းရှည်ကြာကြမှာဆိုသည်ကို အသိရှိကြဖို့၊ ခွဲခြားမြင်တတ်ကြဖို့ အထူးလိုပါလိမ့်မည်။ အကြောင်းအမျိုးမျိုးတို့ကြောင့်၊ အမြင်အမျိုးမျိုးတို့ကြောင့် တည်ရှိနေမည့် အစိုးရတစ်ဖွဲ့အပေါ် အမြင်မကြည်လင်တိုင်း၊ မလိုလားတိုင်း နိုင်ငံရေးအမြတ်ထုတ်နိုင်ရန်အတွက်၊ အဆိုပါ အစိုးရအဖွဲ့ အကျပ်အတည်းတွေ့ရန်အတွက် နိုင်ငံ၏အကျိုး၊ ပြည်သူလူထုအကျိုးကို ပျက်ပြားထိခိုက်နစ်နာစေမည့်၊ နိုင်ငံတော် မတည်မငြိမ်ဖြစ်လာစေမည့် မည်သည့်ကိစ္စရပ်ကိုမျှ မကြံစည်အပ်၊ မဆောင်ရွက်အပ်သင့်ပါ။ အစိုးရတိုင်းသည် နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်မည်ဟု ကြွေးကြော်တက်လာကြပြီး နိုင်ငံအကျိုးကို တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ကြရမည့် တာဝန်ဆိုတာ ရှိနေမြဲ ရှိနေကြမှာဖြစ်ပါသည်။ ယခုနိုင်ငံတော်အာဏာကို ရယူနိုင်ရန်အလို့ငှာ နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို ပျက်ပြားဆုတ်ယုတ်သွားအောင် ကြံစည်လုပ်ဆောင်နေကြသူများအနေဖြင့် ဒီမိုကရေစီ ဘိုးအေနိုင်ငံလို့ ခေါ်ဆိုသမုတ်ပြီး အားကိုးအားထားပြုနေကြသည့် အနောက်နိုင်ငံကြီးများသည်ပင် ကွဲပြားသော ပါတီကြီးများရှိနေသော်လည်း အဆိုပါ ပါတီကြီးများသည် ၎င်းတို့နိုင်ငံအကျိုးအတွက်ဆိုပါက ပြိုင်ဘက်အချင်းချင်းပင် ရိုင်းပင်းထောက်ခံကြပြီး တညီတညွတ်တည်း ဆောင်ရွက်ကြလေ့ရှိသည်ကို မြင်တတ်ဖို့၊ အတုယူတတ်ဖို့ လိုပါသည်။ ဒါကြောင့် **ခရီးသွားများ မလာပါနဲ့၊ ကူညီထောက်ပံ့မှုများ မလုပ်ကြပါနဲ့၊ ရင်းနှီးမြှုပ်နှံမှုများ မလုပ်ကြပါနဲ့၊ ရင်းနှီးမြှုပ်နှံထားပြီး သူများသည်လည်း ပြန်လည်ရုပ်သိမ်းကြပါ၊ စီးပွားရေးများ ပိတ်ဆို့ကြပါ**ဟု နိုင်ငံနှင့် လူမျိုးအတွက် အကျိုးယုတ်စေနိုင်သော အဖျက်လုပ်ရပ်များသည် အဓိကနိုင်ငံတော်နှင့် နိုင်ငံသားများကိုသာ နစ်နာဆုံးရှုံးစေမှာဖြစ်ပါသည်။ လူထုကို ဆူပူအုံကြွအောင် မဟုတ်မမှန် လိမ်ညာသောနည်းလမ်းဖြင့် တိုင်းပြည်ပျက်မှ အစိုးရလည်း ပြုတ်ကျပြီး ငါတို့(သို့) ငါတို့သဘော ကျသူ(ဝါ) ငါ့ပါတီ တက်လာလိမ့်မည်လို့ တွက်ဆကြံစည် လုပ်ကိုင်နေကြသူများအနေဖြင့် အာဏာရမည်၊ မရမည်တော့ မသေချာပါ။ တိုင်းပြည်ပြိုကွဲလို့ နိုင်ငံသားများအားလုံး သွေးချောင်းစီးကြ၊ ဒုက္ခရောက်ကြနှင့် နောက်ဆုံးတစ်နေ့ သူ့ကျွန်ဘဝကိုပင် ပြန်လည်ရောက်ရှိသွားနိုင်ကြသည်ကို ကမ္ဘာ့သမိုင်းတွင် ပြိုကွဲပျက်စီးခဲ့သော နိုင်ငံများက သာဓကအဖြစ်ရှိနေပြီး ဖြစ်ပါသည်။

ထို့ကြောင့် တစ်ဖက်စွန်းသို့ ရောက်ရှိနေကြသည့် အမြင်ကျဉ်းမြောင်းလျက်ရှိကြသော နိုင်ငံရေး ပါတီများ ပြည်တွင်း၊ ပြည်ပ၌ အဖျက်အမှောက် လုပ်နေကြသူများ အနေဖြင့် အမှန်တစ်ကယ် နိုင်ငံနှင့် လူမျိုးကို ချစ်ကြပါသည်ဟုဆိုပါက နိုင်ငံနှင့် လူမျိုးတစ်ရပ်လုံး ဒုက္ခပင်လယ်ဝေကြရမည့် အဖျက်လုပ်ငန်းများကို ကြံစည်တွေးခေါ်လုပ်ဆောင်နေမှုများအား ရပ်တန်းကရပ်ပြီး နိုင်ငံအကျိုး၊ နိုင်ငံသားတို့၏အကျိုးကို အမှန်တစ်ကယ် ရရှိအောင် ပြောင်းလဲပြုမူ ပြောဆိုဆောင်ရွက်ကြမည်ဆိုရင်ဖြင့် နိုင်ငံသားတိုင်းက ချစ်ခင်ယုံကြည် လက်ခံကြမည်ဖြစ်သလို ခေတ်အဆက်ဆက်က အကြောင်းအမျိုးမျိုးတို့ကြောင့် နောက်ကျကျန်ရစ်ခဲ့သော နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကို အခြားသောနိုင်ငံများနှင့် တန်းတူရည်တူ ရင်ပေါင်တန်းနိုင်အောင် အမြန်ဆောင်ရွက်နိုင်ကြမှာ မလွဲဧကန်ဖြစ်ပါသည်ဟု ဆိုချင်ပါသည်။

ပြည်သူများအနေဖြင့်လည်း အပြုနှင့် အဖျက်၊ တည်ဆောက်သူနှင့် ဖျက်ဆီးသူတို့ကို အတိတ်သမိုင်းကြောင်း သင်ခန်းစာများနှင့်အတူ နှိုင်းယှဉ်သုံးသပ်၍ **အမှန်ကို မြင်နိုင်ကြပါရန်**နှင့် နှစ်ကြိမ်နှစ်ခါ အလိမ်အညာ မခံရစေရန် သတိတရား လက်ကိုင်ထားကြစေလိုကြောင်းကို မေတ္တာတရား ရှေ့မှာထားလို့ နိုင်ငံနှင့် လူမျိုးတို့၏ အကျိုးတွက် နှိုးဆော်လိုက်ပါရစေ။ ။

ဟန့်တားကာကွယ်သွားကြစို့

* အာဆီယံအသင်း၊ နိုင်ငံချင်းတို့
ရင်းနှီးချစ်ကြည်၊ ပေါင်းစည်းညီပြီး
တူညီဆန္ဒ၊ စဉ်ပြည့်ဝဖို့
ဒေသအကျိုး၊ သယ်ပိုးထမ်းရွက်
လျှောက်လှမ်းလျက်။

* ပြိုကွဲစေရန်၊ အကောက်ဉာဏ်ဖြင့်
နိုင်ငံအချို့က၊ တို့အချင်းချင်း
အမြင်မရှင်းအောင်၊ အတင်းဝင်ရှုပ်
ခြေပုန်းခုတ်လာ၊ တို့မှာသတိ
စဉ်မြဲရှိလေ့။

* အသင်ဘယ်လို၊ သွေးခွဲလိုလည်း
ညီကိုတို့များ၊ ကွဲမသွားဘူး
တွဲထားလက်တွေ၊ ခိုင်မြဲနေဆဲ
သွေးခွဲလာသူ၊ ဘယ်လူမဆို
ပိုမိုပြတ်သား၊ စည်းရုံးအားဖြင့်
ဟန့်တားကာကွယ်သွားကြစို့။ ။

နေမျိုးအောင်

ဈေးကွက်ထဲကမြန်မာလူငယ်များ ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၃

ဒေါက်တာသက်လွင်၏ “ဈေးကွက်ထဲကမြန်မာလူငယ်များ” စာအုပ်သည် ဈေးကွက်စီးပွားရေးတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းရှင် ၅၀ ကျော် လူငယ်များ၏အကြောင်းကို လေ့လာရေးသားထားသော စာအုပ်ဖြစ်သည်။ ဒေါက်တာသက်လွင်၏ ၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သော ဆင်းရဲတွင်းမှရုန်းထွက်ခြင်း စာအုပ်၏နောက်ဆက်တွဲ စီးပွားရေးနမူနာပြ စာအုပ်ဖြစ်ကြောင်း ဖော်ပြထားသည်။ **(ယာပုံ)**

ဒေါက်တာသက်လွင်၏ သပြေညိုစာပေ၊ အမှတ်(၅) ဗိုလ်ရန်ပြေလမ်း ၃/ရန်ပြေတိုးချဲ့ရပ်ကွက် သာကေတမြို့ ဖုန်း-၅၄၄၂၅၀ က ထုတ်ဝေလိုက်ပြီး ဂုဏ်ထူးစာပေ အမှတ်(၁၉၂) ၃၃-လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၇၁၈၆ က တစ်နိုင်ငံလုံးသို့ ဖြန့်ချိ၍ တန်ဖိုးမှာ ကျပ် ၇၀၀ ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ဩဂုတ် ၁၂ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး (စီ)ရုံ လုံခြုံရေးဝန်ထမ်းများ တူညီဝတ်စုံအတွက် အလှူရှင် သိမ်ကြီးဈေး(၂၅)လမ်း (စီ) ခြသေ့်ကမ္ဘာ စာရေးကိရိယာဆိုင်မှ ဦးစိုးသန်းက တူညီဝတ်စုံ ၁၆ စုံအတွက် ငွေကျပ်ရှစ်သောင်းကို ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခိုင်ထံ ပေးအပ် လှူဒါန်းစဉ်။

(က-ပ)

ရေခဲသေတ္တာ၊ အဲယားကွန်း သီးသန့်အမြန်သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ရေခဲသေတ္တာ၊ အဲယားကွန်း အခြေခံ အသုံးချနည်းစနစ်များ ပြုပြင်ထိန်းသိမ်း တပ်ဆင်ခြင်းနှင့် အခြေခံလျှပ်စစ်ပညာများကို Grace Training and Service Centre မှ စာတွေ့၊ လက်တွေ့ (လက်တွေ့ ဦးစားပေးစနစ်၊ တစ်လ အပြတ်) ပစ္စည်းကိရိယာစုံလင်စွာဖြင့် လုပ်သက်ရင့် နည်းပြဆရာများ ကိုယ်တိုင် လစဉ်တန်းခွဲသစ် နှစ်ခု ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိသည်။

တိုးတက်ထွန်းကားလိုသူ လူငယ်များအတွက် ကုမ္ပဏီစက်ရုံအလုပ်ရုံ (Shore Jobs)များတွင် Profes Sionalဖြစ်စေပြီး (အခြေခံ ပိုင်မှ လက်တွေ့နိုင်မည်)ဟူသော ဆောင်ပုဒ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို သင်တန်းခန်းမ အမှတ် (၆၉) ပထမထပ် ဗိုလ်စိန်မှန်လမ်း ဗဟန်းမြို့နယ် (တာမွေအဝိုင်းမှတ်တိုင် အနီး) ဖုန်း-၇၀၇၉၅၆သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ကညွှတ်ကွင်းမြို့ တိုက်နယ်ဆေးရုံတွင် လူနာများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

☞ မိမိတို့နိုင်ငံမှ

ကညွှတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

တက်ရောက်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကိုးခန်းသာသနာ့ဗိမာန်၌ကျင်းပသည့် ဖြူးမြို့နှင့် ကညွှတ်ကွင်းမြို့တို့မှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ ဖြူးမြို့နှင့်ကညွှတ်ကွင်းမြို့တို့ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကညွှတ်ကွင်းမြို့ ရွာလယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ သီလစာရ(ဓမ္မာစရိယ)ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရွာလယ်ကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွာလယ်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂါရဝပြုကန်တော့

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် သက်ကြီး အဘိုး၊ အဘွားများအား ဂါရဝပြုကန်တော့ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကိုးခန်းသာသနာ့ဗိမာန်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက် အကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားသည်။

ကြိုးစားစီမံ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက် အကောင်အထည်ဖော်ရာ၌ မိမိတို့နိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကို နိုင်ငံတော်ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်း၍ အပြည့်အဝဖော်ထုတ် အသုံးချနိုင်အောင် ကြိုးစားစီမံလျက်ရှိကြောင်း။

နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို တစ်ပြိုင်တည်းပြုပြင်တည်ဆောက်နေရာ မည်သည့်ပြည်ပ အကူအညီအထောက်အပံ့ကိုမျှ မျှော်ကိုးနေ၍မဖြစ်ဘဲ မိမိနိုင်ငံ၏ ပြည်တွင်းအင်အားကိုသာ အားကိုးအားထားပြု၍ အခက်အခဲများကို ကျော်လွှားပြီး ဖွံ့ဖြိုးရေးလုပ်ငန်း

များကို ကြိုးစားတည်ဆောက်နေရခြင်း ဖြစ်ကြောင်း။

ငြိမ်းချမ်းတည်ငြိမ်ရေး

ငြိမ်းချမ်းမှု၊တည်ငြိမ်မှု၊တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိလာအောင် အလေးထားဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်၌ ယနေ့ထိတည်ဆောက် အကောင်အထည် ဖော်နိုင်ခဲ့သော အောင်မြင်မှု အသီးအပွင့်များသည် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး အစိုးရနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်း အကောင်အထည်ဖော်နိုင်ခဲ့၍ ဖြစ်ကြောင်း။

ကြံ့စည်လုပ်ဆောင်နေ

ယခုအခါ မိမိတို့ နိုင်ငံအပေါ်၊ မိမိတို နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ အပေါ်ဆင်းရဲဒုက္ခများ ဖိစီးရောက်စေရေးအတွက် နိုင်ငံကြီး အချို့က ပြည်သူ့အကျိုးစီးပွားကို မလိုလားသည့် အချို့အဖွဲ့များနှင့် အချိတ်အဆက်လုပ်၍ အစီအမံရှိရှိ ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း၊ မည်သို့ပင် ဖြစ်စေ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် ရရှိထားပြီးသော အောင်မြင်မှု အရှိန်အဟုန်များအပေါ် အခြေခံ၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကညွှတ်ကွင်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့ များအားလိုအပ်သော ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကညွှတ်ကွင်း တိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို တိုက်နယ်ဆရာဝန်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကညွှတ်ကွင်းမြို့ လောကပြတင်း စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွှတ်ကွင်းမြို့ ဈေးတောင်ရပ်ကွက်ရှိ လောကပြတင်း စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် လောကပြတင်း စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် စာကြည့်တိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွှတ်ကွင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စာသင်နေမှုများ၊ စာသင်ဆောင်များနှင့် သိပ္ပံဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အတန်းလိုက်သတ်မှတ် ပြဋ္ဌာန်းဘာသာရပ်များ ပြည့်စုံစွာ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသည့် ကျောင်းသားကျောင်းသူများ ပေါ်ထွက်လာရေးအတွက် ဆရာ၊ ဆရာမများအနေဖြင့် စေတနာထား သင်ကြားပေးကြရန် မှာကြားပြီး ကျောင်းမှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

နှုတ်ဆက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွှတ်ကွင်း တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကညွှတ်ကွင်းတိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို တိုက်နယ်ဆရာဝန်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကညွှတ်ကွင်းမြို့ ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး စုပေါင်းရိပ်သာ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား မှာကြားနှုတ်ဆက်သည်။

တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့ ဒေသခံ တပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ဖြူးမြို့ စည်ပင်သာယာခန်းမ၌ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပဏာမရှင်းလင်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ခေါင်းဆောင်၍ ပဲခူးတိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သောအဖွဲ့ ဖြူးမြို့သို့ စတင်ရောက်ရှိလာပုံ၊ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ရယူရပြီးနောက် ပြည်နယ်၊ တိုင်းဒေသအသီးသီး တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေ စိုးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအလိုက် ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပုံတို့ကို ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မှ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊

စီးပွားကူးသန်း ရှေ့သို့လှမ်း

မြို့စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မတည်ထောက်ပံ့

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများက ဖြူးမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်လပ်မကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများ ချမှတ်၍ ဖိဖိစီးစီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများအရသာမက တိုင်းပြည်နှင့် လူမျိုးအတွက် ဖြူစင်မွန်မြတ်သော စေတနာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မျက်ခြည်ပြတ်မခံ

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိဘသည် သားသမီး ကောင်းစားသည်ကို မြင်လိုသကဲ့သို့ နိုင်ငံတော်အစိုးရသည်လည်း ပြည်သူများတိုးတက်ကြီးပွား ကောင်းစားရေးကိုသာ မြင်လိုပါကြောင်း၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်အမြဲတမ်းအားထုတ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲ၍ ကြိုးပမ်းကြရန်ဖြစ်ကြောင်း ဖြင့်ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြိုဆို

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးခွဲ့နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်မှာကြားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

တွေ့ဆုံမှာကြား

ဖြူးမြို့သို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ကြည့်ရှုအားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညနေ ၅နာရီ မိနစ် ၂၀တွင် ဖြူးမြို့မှ အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက်သို့ ရောက်ရှိကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်၏ ရာပြည့်အထိမ်းအမှတ်ရုပ်တုဗိမာန်တော်၌ တောရဂိုဏ်းကြီး၏ ဂဏာဓိပတိ ဘုန်းတော်ကြီးဦးသီလ၊ ညောင်လေးပင်မြို့ တောရကျောင်းတိုက်ပထမတိုက်တည် ဘုန်းတော်ကြီး ဦးသောမ၊ အုတ်တွင်းမြို့ ကန်ကလေးတောရ ပထမတိုက်တည် ဘုန်းတော်ကြီး ဦးသူရိန္ဒ၊ အုတ်တွင်းမြို့ ကန်ကလေး တောရ ဒုတိယဆရာတော် ဦးသောဘိတ၊ အုတ်တွင်းဇာတိ နိုင်ငံတော်ဓမ္မကထိက အနီးစခန်းဆရာတော်ဘဒ္ဒန္တပဏ္ဍိတ၊ ကန်ကလေးတောရ ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဉာဏိက တို့၏ ရုပ်တုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သူရိန္ဒာရာမ ဓမ္မဗိမာန်တော်၌ ကန်ကလေးတောရ ပဓာနနာယက ဆရာတော် ဦးခေမာစာရနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆရာတော်ဦးခေမာစာရအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကျောင်းတိုက်အတွက် နဝကမ္မ အလှူငွေများကို ဂေါပကသို့ ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဆုတောင်းမေတ္တာ ပို့သကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီ ၁၅မိနစ်တွင် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသီရိရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနအလိုက် တာဝန်ရှိသူများအား လုပ်ငန်းဌာနအလိုက် ဆောင်ရွက်ချက်များကို ရင်းရင်းနှီးနှီးမေးမြန်းပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ရပုံများ၊ မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် စေတနာရှေ့ထား၍ ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် အုတ်တွင်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဌာနဆိုင်ရာများနှင့်တွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အုတ်တွင်းမြို့မှ တောင်ငူမြို့သို့ရောက်ရှိကြသည်။

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဩဂုတ် ၁၁ရက် နံနက် ၇နာရီ ၄၅မိနစ်တွင် တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုး ခန်းမဆောင်၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့်မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက ပဲခူးတိုင်း၏ အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်မှုများ၊ ဒေသဝမ်းစာဆန်နှင့်ဆီဖူလုံပိုလျှံသည့် အခြေအနေများ၊ တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ချက်များ၊ ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများ၊ ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ခရီးစဉ်အတွင်း စစ်ဆေးခဲ့သော ဆေးရုံများ၏ စစ်ဆေးတွေ့ရှိချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်များကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်က အခြေခံပညာအထက်တန်းကျောင်းများကိုစစ်ဆေးခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တောင်ငူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဂျိုင်းအက်စကော့၊ မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင် ဒေါ်ခင်ခင်သန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးသန်း၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ဦးတင့်လွင်တို့က အသင်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များ၊ အသင်းဝင်အင်အားများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန့်ဇင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပြည်နယ်၊ တိုင်းနယ်မြေအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့အတွက် မှန်ကန်သော မူဝါဒများနှင့်အညီ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခဲ့ရသည်များကို ရှင်းလင်းပြောကြားသည်။

ပိုမိုတိုးတက်သယ်ပိုး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ပိုမိုတိုးတက် သယ်ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူများ၊ ဝန်ထမ်းများ၏ စုပေါင်းညီညွတ်သည့် အင်အားကို ဆက်လက်ရယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ ကြောင်းကျိုးဆီလျော် မှန်ကန်သည့် ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မည်သည့်အဟန့်အတား အနှောင့်အယှက်များ၊ အဖျက်အဆီးများ ရှိစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ပြည်သူများ၊ဝန်ထမ်းများနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြိုးစားစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများသည် တောင်ငူမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

အထက်တန်းကျောင်းစစ်ဆေး

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ဩဂုတ် ၁၀ရက် ညနေပိုင်းတွင် အုတ်တွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၀ရက် ညနေပိုင်းတွင် အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတို့ကို ဝင်ရောက်ပြီး အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက်အတွက် နဝကမ္မအလှူငွေများကို ဂေါပကသို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး သီရိရတနာခန်းမ၌ အုတ်တွင်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄–၈–၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ တေးဂီတအစီအစဉ်
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) (သင်္ချာ)
- ၅:၁၀ ၆။ ရွှေပေးလို့မရ (အပိုင်း–၂) (ပန်းဖြူခိုင်သင်းကြည်၊ လှအဥ္စလီတင့်) (ဒါရိုက်တာ–မောင်နှင်းမိုး) (ရှမ်းဘာသာစကားဖြင့်)
- ၅:၂၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၀ ၈။ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် မဟာဂီတ(ပညာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)
- ၅:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၂၅ ၁၅။ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ၊ ကျောက်ဆည်(အင်းကုန်း)
- ၇:၄၀ ၁၆။ နိုင်ငံ့ဖွံ့ဖြိုးပြည့်အကျိုး
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **ဒသမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရာမာယဏဇာတ်တော်ကြီး (ဒုတိယဆု)(ရန်ကုန်တိုင်း–၁) (ပထမပိုင်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၃

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတ်တစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၅ရက်မှ ၂၄ရက်အထိ လည်းကောင်း၊ ဩဂုတ်၂၉ရက်မှ စက်တင်ဘာ ၇ရက်အထိ လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ ဖြစ်စေ တရားစခန်းမတိုင်မီ သုံးရက်ကြိုတင်၍ စာရင်းပေးသွင်းရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

☆ နိုင်ငံတော်အကြီးအကဲမှ

ပဲခူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီခွဲတွင် ဒိုက်ဦးမြို့သို့ရောက်ရှိကြ၍ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ရည်မှန်းချက်ပြည့်မီရေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းဝင်သီးနှံ ၁၀မျိုးအနက် မိမိတို့ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများကို စီမံကိန်း ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် တိုးတက်စိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများ သတ်မှတ်ထားသည့် အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသအတွင်း သီးနှံအမယ်သစ်ဖြစ်သည့် ငရုတ်ကောင်းသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နှစ်ရှည်ပင်သီးနှံ သုံးမျိုးအနက် လက်ရှိစိုက်ပျိုးရှင်သန်လျက်ရှိသည့် သစ်ဆိမ့်ပင်များ တိုးချဲ့စိုက်ပျိုးရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးမှု မဖြစ်ထွန်းသည့်မြေများတွင် ငါးမွေးမြူရေးကန်များ တူးဖော်မွေးမြူရန်နှင့် ဒေသနှင့်ကိုက်ညီသည့် ဒေသကြက်များနှင့် ဘဲများတိုးချဲ့မွေးမြူရေး၊ စီးပွားရေးအောင်မြင်ဖြစ်ထွန်းလာသည်နှင့်အညီ ဒေသနေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

မိုးစပါးစံပြကွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဒိုက်ဦးမြို့နယ်သို့ရောက်ရှိပြီး ကတုတ်ရွာမအနီး ကွင်းအမှတ်(၄၇၃)၌ ဒိုက်ဦးမြို့နယ်၏ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးမျိုးသန့် စံပြစိုက်ကွက်နှင့် စမ်းသပ်ကွက်ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အထွက်နှုန်းတိုးတက်ရန်အတွက် စိုက်ပျိုးထားရှိမှုများကို သုတေသနပြုစုထားရှိရေး၊ နည်းလမ်းလေးသွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်ရေး၊ မိုးစပါး စိုက်ပျိုးချိန်စောပါက ရိတ်သိမ်းချိန်စော၍ ပြီးစီးမည်ဖြစ်သည့်အတွက် ဆောင်းသီးနှံစိုက်ပျိုးရာတွင်လည်း အချိန်မီစော၍ စိုက်ပျိုးနိုင်မည်ဖြစ်သဖြင့် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရှိရေး မှာကြားသည်။

ဒိုက်ဦးမြို့နယ် တစ်ခုလုံးအနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးရာသီတွင် ဧက ၁၃၃၆၃၀ စိုက်ပျိုးရန် ရည်မှန်းထားရာ ဩဂုတ် ၁၁ရက်အထိ ဧက ၁၁၈၀၆၀ စိုက်ပျိုးနိုင်သဖြင့် ရာနှုန်းအားဖြင့် ၈၈ ဒသမ ၃၄ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် လျာထားချက်ပြည့်မီကျော်လွန်ရေး ကြိုးပမ်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပဲခူး-ညောင်လေးပင်လမ်းပိုင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းတည့်၁၂နာရီတွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ပြုပြင် ဖောက်လုပ်ရေးစီမံကိန်း၊ ပဲခူး-ညောင်လေးပင်လမ်းပိုင်းအား ဆောင်ရွက်လျက်ရှိသော ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်၏ စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဦးစောဒေးဗစ်သာက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးရာသီတွင် ရေကြီးရေလွှမ်းမိုးမှုများကြောင့် လမ်းပိုင်းများ မပျက်စီးအောင် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးသည် နိုင်ငံတော်အတွက် ဘက်စုံအရေးပါသော လမ်းမကြီးဖြစ်သည်နှင့်အညီ လမ်းပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရန်မှာကြားသည်။

လိုအပ်ချက်မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ပဲခူးမြို့သို့ ရောက်ရှိကြပြီး အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးခင်မောင်ဝင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်မင်းနှင့် တိုင်း၊ ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ပဲခူးခရိုင် သနပ်ပင်မြို့နယ်၊ ပဲခူး-သနပ်ပင် ကားလမ်းနံဘေး အောက်စုကျေးရွာ၌ သနပ်ပင်မြို့နယ်၏ မိုးစပါး ဧက ၁၀၀စံပြ စိုက်ကွက်များ၌ မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ၏ မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်ချက်များကို မှာကြားသည်။

မိုးစပါးရာနှုန်းပြည့်

သနပ်ပင်မြို့နယ်၌ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးရာသီတွင် ရေတော် မိုးတော် ၉၂၀၀၆ဧက၊ ရေကြီးကွင်း ရေနက်ကွင်း ၆၄၈၉၄ဧက၊ သဲဆန်ကုန်းကြော ၃၆၅ဧက၊ ရေကျနောက်စိုက် ၇၄၃၅ဧက စုစုပေါင်း ဧက ၁၆၄၇၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ၂၀၀၃ခုနှစ် ဩဂုတ်လ ၁၁ရက်အထိ ၁၅၃၈၀၉ဧကစိုက်ပျိုးပြီးဖြစ်သည်။ ထို့အပြင် မြို့နယ်အတွင်း အထူးဇုန်များ မိုးစပါးဧက၅၀၁၀ကိုလည်း ရာနှုန်းပြည့် စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီတွင် သနပ်ပင်မြို့နယ်သို့ ရောက်ရှိကြပြီး သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ သနပ်ပင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း သနပ်ပင်မြို့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် အခြေအနေပေးသော မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ဆန်စပါးအပါအဝင် ပဲမျိုးစုံသည် မြန်မာလူမျိုးများ၏ အဓိကစားသုံးကုန်ဖြစ်သဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးအပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး အထောက်အကူပြုစေရန် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း၊ ထို့ပြင် ဒေသရေမြေသဘာဝနှင့် ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့် စိုက်ပျိုးမွေးမြူသွားကြရန်နှင့် နိုင်ငံတော်က သတ်မှတ်ထားသော အထွက်နှုန်းစံချိန်များအတိုင်း ရောက်ရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က ပဲခူးတိုင်းအတွင်းရှိ တောင်သူဦးကြီးများ စိုက်ပျိုးရေးလုပ်ငန်းများကို စိတ်အေးချမ်းသာစွာ လုပ်ကိုင်နိုင်ရန် ဆည်တမံကြီးများကို ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး အထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း အားပေးကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့နယ်၏ လိုအပ်သော မျိုး၊ နည်းပညာများကို တောင်သူဦးကြီးတို့ လက်ဝယ်အရောက်ဖြန့်ဖြူးပေးကြပြီး တောင်သူဦးကြီးများအပိုင်းက သိပ္ပံနည်းကျစွာဖြင့် စနစ်တကျစိုက်ပျိုးကြရန်နှင့် တိုင်းအတွင်းစံပြဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပဲခူးတိုင်း၌ စပါးဧက သိန်း ၃၀ အထိ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်မှာကြားထားကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ သားစဉ်မြေးဆက် စားသုံးနိုင်ရန်အတွက် ယခုကတည်းက ကြိုတင်တွက်ဆမြော်တွေး လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်း၊ သားငါးမွေးမြူရေးကဏ္ဍအနေဖြင့် ဘဲမွေးမြူရေးတွင် ပဲခူးတိုင်းသည် ထိပ်တန်း၌ရှိနေကြောင်း၊ ထို့ကြောင့် ဘဲမွေးမြူရေးကို ယခုထက် တိုးချဲ့မွေးမြူရေးမှာကြားလိုကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် မြို့နယ်နေပြည်သူများအနေဖြင့် ရပ်ကွက်၊ ကျေးရွာ အဆင့်ဆင့်အလိုက် ကြီးကြပ် ကြပ်မတ်ကာ တာဝန်သိသိ သစ္စာရှိရှိဖြင့် အဖျက်အမှောင့်အန္တရာယ်များ မကျရောက်အောင် တားဆီးကာကွယ်ရေး စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များကို မှာကြားသည်။

ဘဲမွေးမြူရေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပဲခူးတိုင်း ကဝမြို့နယ်သည် သနပ်ပင်မြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်းရှိပြီး ယခင်က မိုးရာသီ ရေကြီးရေလျှံသောဒေသ ဖြစ်သော်လည်း ယခုအခါ နိုင်ငံတော်က ပဲခူးတိုင်းအတွင်း ရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် ရေထိန်းတမံများ၊ ရေတံခါးများကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်အတွင်း၌ မိုးစပါးစိုက်ပျိုးမှုသည် အားရကျေနပ်ဖွယ်ကောင်းသော်လည်း ယခင်နှစ် နွေစပါးစိုက်ပျိုးမှုမှာ အားနည်းနေသေးကြောင်း၊ ပဲခူးကွင်းသည် ပဲခူးတိုင်း တစ်တိုင်းလုံး၏ စိုက်ပျိုးရေးလုပ်ငန်း ၄၀ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ဧက တိုးတက်ရန်အတွက် ထပ်မံ၍ ရေကြီးကွင်း၊ ရေလျှံကွင်းများနှင့် သဲဆန်ကုန်းကြောနေရာများတွင် စိုက်ဧကတိုးတက်အောင် စံပြဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရှာကြံလုပ်ဆောင်ကြရန် မှာကြားလိုကြောင်း၊ တစ်ဖက်ကလည်း ဒေသနှင့်ကိုက်ညီသော ဘဲမွေးမြူရေးလုပ်ငန်းကို တွဲဖက်ကာ မွေးမြူဆောင်ရွက် ကြရန်လိုကြောင်း၊ ယခင်က ပဲခူးခရိုင်သည် ဘဲမွေးမြူရေးတွင် ထိပ်ဆုံးက ရပ်တည်လျက်ရှိကြောင်း၊ ထို့ကြောင့် ကဝမြို့နယ်အနေဖြင့် ပဲခူးတိုင်း၏ ဘဲမွေးမြူရေးလုပ်ငန်းကို တိုးတက်သည်ထက် တိုးတက်လာအောင် ယခုကာလမှစ၍ စီမံချက်ချမှတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသည်ဖြစ်ရာ ကဝမြို့နယ် အပါအဝင် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ အကြံဉာဏ်ကို ရယူကာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဥပဒေစိုးမိုးရေး

ထိုကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း မိမိဒေသအတွင်း တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ကဝမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာရဲမြင့်နှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ဆေးရုံအတွင်းရှိ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးရုံသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန် ဒေါက်တာရဲမြင့်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေး၊ အရေးကြီး အသုံးလိုအပ်သော ဆေးဝါးများ အဆင်သင့်ထားရှိရေး၊ ဒေသ၌အဖြစ်များသော ရောဂါများကို စောင့်ကြပ်ကြည့်ရှု၍ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရေး၊ ဆေးပဒေသာပင် စိုက်ထူရေးအတွက် အလှူရှင်များ ရှာဖွေဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့သည် ညနေ ၅နာရီခွဲတွင် ကဝမြို့မှ ခရမ်း-သုံးခွ ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးများ ဖားကန့်၊ မူဆယ်နှင့်တောင်ကြီးတို့၌ ဖမ်းမိ

ရန်ကုန် ဩဂုတ် ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ရက်တွင် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ စက်လှေဆိပ်၌ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက် အိမ်အမှတ်(၂၂၅)နေ ဦးချစ်ထွန်း၏ သား မောင်ကျော်ဇင်ထွန်းအား သတင်းအရ ဖမ်းဆီးရှာဖွေစစ်ဆေးခဲ့ရာ ၎င်းသယ်ဆောင်လာသော စိတ်ကြွရူးသွပ် ဆေးပြား ၂၀၆ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် နောင်လောင်း ကျေးရွာအနီး၌ စောင့်ဆိုင်း၍ မူဆယ်မြို့နယ် နမ့်ဆန်ဂိုဒေါင် ကျေးရွာနေ ဦးရန်ရွှေ၏ သား ရန်အားတဲ့ မောင်နှင်လာပြီး ဦးအိုက်တဲ့၏ သမီး မအားချင့်တို့ လိုက်ပါလာသော ဆူပါကပ်အမျိုးအစား (အစိမ်းပုတ်ရောင်)ဆိုင်ကယ်ကို သတင်းအရ ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့သယ်ဆောင်လာသော ဘိန်းဖြူ ဘလောက်တုံး ၁၀တုံး စုစုပေါင်း အလေးချိန် ၃ ဒသမ ၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဩဂုတ် ၇ရက်တွင် အဆိုပါ ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် နယ်မြေ(၁) ရွှေတောင်ကြားလမ်းရှိ အမှတ်(၇၅၈)ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ဒေါ်နန်းခဲ၏ သားဖြစ်သူ ခွန်ထွန်းကျော်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၂၂၅ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

စီမံခန့်ခွဲမှုဒီပလိုမာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

United Engineering Co.,Ltd(Myanmar) Informatics Holding Co.,Ltd(Singapore) Sumitomo Corporation (Singapore) တို့ပူးပေါင်းဖွင့်လှစ်သည့် Thames Management Center ၌ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူဖြစ်စေရန်နှင့် နိုင်ငံသားတိုင်း အဆင့်မြင့်စီမံခန့်ခွဲမှုပညာရပ်များကို လွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန်ရည်ရွယ်လျက် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ သင်တန်းများပြီးဆုံးပါက University of Cambridge Local Examinations Syndicate မှ Diploma အောင်လက်မှတ်များ ရရှိမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုချင်းအတွက် SingaporeThames International မှ Certificate of Achievement များ ပေးအပ်မည်ဖြစ်သည်။

DBA, DMPR, HDBA, ADBA သင်တန်းအားလုံးကို ဩဂုတ် ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းသူများအတွက် Discount အစီအစဉ်များရှိပြီး စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးသွင်းလိုသူများသည် အမှတ် ၂၂၀၊ ၂၂၂ ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၀၃၄၃၊ ၂၀၃၁၈၈နှင့်၂၉၆၈၂၆ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

အမှာစကားပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ အဆင့်မြှင့် တည်ဆောက်ရေး စီမံကိန်းရုံးရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖုန်လေးဖုန်ခွဲ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းကို တစ်ပြိုင်တည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကန်တော်ကြီးဥယျာဉ် ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဖုန်လေးဖုန်ခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် မြေယာရှင်းအလှ ပြုပြင်ရေးလုပ်ငန်း၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်း၊ လမ်းများပြုပြင်ဖာထေးခြင်း လုပ်ငန်း၊ ရေနုတ်မြောင်းနှင့် ရေသန့်လုပ်ငန်း၊ လျှပ်စစ်မီးကြိုး သွယ်တန်းခြင်းလုပ်ငန်း၊ အဆောက်အအုံများနှင့် ခြံဝင်းလှောင်အိမ်များပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများသတ်မှတ်ချိန် ပြီးစီးရေးနှင့် အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကော်မတီများအလိုက် လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တက်ညီလက်ညီ

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အခြေအနေများ၊ Central Symbol Zone တွင်ဆောင်ရွက်ရမည့် Water Plaza နှင့် Forest Garden လုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများ၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် လုပ်ငန်းအလိုက် တက်ညီလက်ညီ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေကျော်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများနှင့် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းမှ Central Symbol Zone အတွင်း Water Plaza နှင့် Forest Garden အတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ Themis Services Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲဘုန်းလှိုင်က ရန်ကုန်တိရစ္ဆာန် ဥယျာဉ် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းက Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်မည့် ငါးပြတိုက်လုပ်ငန်း အခြေအနေများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက Education Zone အတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွှန့်ဖေက Relaxation Zone အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (စက်မှု) ဦးမျိုးလွင်က ကန်တော်ကြီးရေပြင် သန့်ရှင်းရေး အတွက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ကန်တော်ကြီးဥယျာဉ်အတွင်း စားသောက်ဆိုင်များ Master Plan အတိုင်း ဆောင်ရွက်မည့် အစီအမံများ၊ စားသောက်ဆိုင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး စစ်ဆေးထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေး လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

▲ ရွှေတိဂုံပုံတူမှ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှု ပေးခဲ့သည်။

သို့ဖြစ်၍ နိုင်ငံတော်က လှိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးများ ဆောင်ရွက်ပေးခဲ့သလို ဒေသတွင်းရှိ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီး နောင် အရှည်တည်တံ့ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ ရွှေတိဂုံပုံတူစေတီတော်ကြီးတစ်ဆူကို နိုင်ငံတော်အစိုးရ၏ စီမံပေးမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်း ဝိကာသနိကုန်းတော်တွင် တည်ဆောက်လျက်ရှိနေသည်။

တည်နေရာနှင့် ဉာဏ်တော်

တည်ဆောက်လျက်ရှိသော ရွှေတိဂုံပုံတူ မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ကြီး၏ အချက်အလက်များမှာ တည်နေရာသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် ပင်လုံမြို့ ဝိကာသနိကုန်းတော်တွင်ဖြစ်ပြီး စေတီတော်၏ ဉာဏ်တော်မှာရင်ပြင်တော်မှ ၁၃၅ပေ၊ ရင်ပြင်တော်အမြင့်မှာ မြေပြင်အထက်မှ ကိုးပေ၊ ရင်ပြင်တော်အကျယ်မှာ၃၆ပေ၊ ပန်းတင်ခုံအမြင့်ပေ ၂၀နှင့် ပန်းတင်ခုံ အကျယ် ပေ ၂၀၀ ရှိမည်ဖြစ်သည်။ စေတီအမျိုးအစားမှာ ရွှေတိဂုံ ပုံတူ စေတီဖြစ်ပြီး သံကူကွန်ကရစ် အတွင်း လိုဏ်ပုံစံဖြစ်သည်။ လိုဏ်အကျယ် ပေ၁၀၀၊ လိုဏ်အမြင့်ပေ ၅၀နှင့် အဝင်လှေကားလေးခု၊ အဝင်မုခ်လေးခု၊ အရံစေတီ ရှစ်ဆူနှင့် မဟာရံတံတိုင်း အကျယ် ၃၂၆ပေရှိမည်ဖြစ်သည်။

မင်္ဂလာအခမ်းအနား

စေတီတော်ကြီး တည်ဆောက်ရာတွင် မင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုမှာ ရွှေတိဂုံ ပုံတူစေတီတော်ကြီး တည်ဆောက်နေသည့် လှိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်းအလယ်၌ မြေသန့်မင်္ဂလာအခမ်းအနား၊ ပန္နက်တင်မင်္ဂလာ အခန်းအနားနှင့် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားများ ပြုလုပ်ပြီးနောက် တည်ဆောက်ရေး လုပ်ငန်းများကို အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

စေတီတော်ကြီး၏ အကွက်ချပုံစံ၊ စေတီပန္နက်ပုံစံ၊ အရှေ့မြင်မတ်ရပ်ပုံစံ၊ ဖြတ်ပိုင်းပုံစံတို့အား သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ရန်ကုန် နည်းပညာ တက္ကသိုလ်မှ ပါမောက္ခ ဆရာများ၊ ဗိသုကာပညာရှင်များက ပုံစံပြုရေးဆွဲပေးကြသည်ဟု သိရသည်။

တည်ဆောက်ရေးလုပ်ငန်းများ

အေးရှားဝေါလ်ကုမ္ပဏီသည် အဆိုပါ မဟာရဋ္ဌာဘိသာမဂ္ဂီ ရွှေတိဂုံ ပုံတူ စေတီတော်ကြီး တည်ဆောက်ရာတွင် အပိုင်း(၁)၊ 'O' LEVELရင်ပြင်အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၂) ၂၁ပေ ခြောက်လက်မ ပန်းတင်ခုံအထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၃) ၅၁ပေ ခြောက်လက်မ လိုဏ်အခုံးအထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၄) ပေ ၆၀ LEVELကြည့်ဝင်းအထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၅) ၇၂ပေ LEVEL ခေါင်းလောင်းရင်ဖွဲ့အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၆) ပေ ၈၀ LEVEL သပိတ်တော်အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၇) ပေ ၁၀၀ LEVEL ဖောင်းရစ်တော်အထိဆောင်ရွက်ခြင်း၊ အပိုင်း(၈) ၁၃၅ပေ LEVELငှက်ပျောဖူးတော်အထိ ဆောင်ရွက်ခြင်း၊ အပိုင်း(၉) စေတီပုံစံဖော်အုပ်စီခြင်း၊ အပိုင်း(၁၀) အရံစေတီ ရှစ်ဆူ ဆောက်ခြင်း၊ အပိုင်း(၁၁) မဟာရံတံတိုင်းတည်ဆောက်ခြင်း၊ အပိုင်း (၁၂) တံခွန်တိုင်နှင့် ဂြိုဟ်တိုင် တည်ဆောက်ခြင်း၊ အပိုင်း (၁၃) ရင်ပြင်တော်ကွန်ကရစ်နှင့် ကြွေပြားကျောက်ပြားခင်းခြင်း၊ အပိုင်း (၁၄) မြန်မာမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အပိုင်း (၁၆) ဆေးသုတ်လုပ်ငန်း ဆောင်ရွက်ခြင်းနှင့် အပိုင်း(၁၇) Land Scaping ဆောင်ရွက်ခြင်း စသည်ဖြင့် အပိုင်း (၁၇)ပိုင်းဖြင့် ဆောင်ရွက်လျက် ရှိနေသည်။

လှူဒါန်းရရှိငွေ

အဆိုပါရွှေတိဂုံပုံတူစေတီတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်း ရရှိငွေမှာ ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၉ရက်မှ ၂၀၀၃ခုနှစ် ဇန်နဝါရီ ၅ရက်အထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် တပ်ရင်းတပ်ဖွဲ့များ၊ အဖွဲ့အစည်းများ၊ အထူးဒေသများမှ တိုင်းရင်းသား ခေါင်းဆောင်များ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၊ ပုဂ္ဂလိက တစ်ဦးချင်း အလှူရှင်များ၊ ပင်လုံဒေသမှ ပုဂ္ဂိုလ်များက ပါဝင်လှူဒါန်းခဲ့ကြရာ အလှူငွေ စုစုပေါင်း ၁၃၂၅၃၀၅၁၉ကျပ် (သိန်းပေါင်း တစ်ထောင့် သုံးရာ နှစ်ဆယ့်ငါးသိန်း ကျော်) ရရှိထားကြောင်းသိရသည်။ ။

ဂျပန်စကား အခြေခံ ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ဂျပန်ဘာသာကို အခြေခံ ပိုင်နိုင်စွာ ရေး၊ဖတ်၊ပြောဆို ကျွမ်းကျင်အောင် Aung Language Centre မှ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်ပတ်လျှင် ငါးရက် သီးသန့် လက်တွေ့ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် လာမည့်ဒီဇင်ဘာ ၇ရက်၌ ကျင်းပမည့် ဂျပန်ဘာသာစကား ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ Level 4. Level 3 အောင်မြင်အောင် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း တိုက်(၂၈၂) အခန်း(၁) ရန်ကင်းကြားမှတ်တိုင်အနီး၊ ရန်ကင်း သဲကွင်းအနီး ဖုန်း – ၅၄၂၉၂၀ သို့ ရုံးချိန်အတွင်း စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

စုပေါင်း ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက် ကွေ့မရွာ သီမာရုံကျောင်းဝင်း အတွင်းရှိ ရဟန္တာသိမ်၊ ရှင်လေးပါးဗိမာန်၊ ကျွဲဖြူကန်၊ ရေတွင်းတို့ကို အသစ်မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းရင်ပြင်ကွန်ကရစ်ခင်းခြင်းတို့ စုပေါင်းရေစက်ချမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီက ကွေ့မရွာ သီမာရုံကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် နာဂလိုဏ်ဂူ ကလေးဝတောရ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကရေ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရာဘိဝံသ အမှူးပြုသော သံဃာတော်ငါးပါးနှင့် ကွေ့မရွာ သီမာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဆရာတော်တို့ ကြွရောက်တော်မူပြီး ကွေ့မရွာသူ၊ ရွာသားများနှင့် အလှူရှင်များ တက်ရောက်ကြသည်။(သတင်းစဉ်)

အင်္ဂလိပ်စကားပြော၊ အရေး၊ အဖတ် သင်တန်းဖွင့်မြီ

ရန်ကုန် ဩဂုတ် ၁၃

Quality English Language Centre (Q.E.L.C) မှ နိုင်ငံတကာ ကျောင်းဝင်ခွင့် အင်္ဂလိပ်စာ စာမေးပွဲများဖြစ်သော TOEFL, IELTS, SAT(I), SAT(II), GRE တို့ကို သင်ကြားလျက်ရှိသည်။ ထို့ပြင် အင်္ဂလိပ်စာ စကားပြောသင်တန်း (BSE/IE), 4Skills English, Grammar သင်တန်း Reading and Writing သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ ကလေးများ အင်္ဂလိပ်စာအခြေခံရရှိရန် English Skills Foundation (ESF)ကိုလည်း ဖွင့်လှစ်သင်ကြားပြီး ဩဂုတ်လ ပထမဆုံးတန်းခွဲသစ်ကို ၂၃ရက်တွင်ဖွင့်မည်ဖြစ်ရာ Q.E.L.C ၏ အမှတ်(၁၅၆) အနော်ရထာလမ်း လေးထပ် (4D) (၄၆)နှင့် (၄၇)လမ်းကြား ဗိုလ်တထောင်မြို့နယ် ဖုန်း– ၇၂၄၅၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

တည်ဆောက်ခြင်းမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့

ချင်းတွင်းတံတား (မုံရွာ)

မုံရွာမြို့နှင့် ပတ်ဝန်းကျင်ဒေသများ သွားလာရေး လွယ်ကူစေမည့် ချင်းတွင်းတံတား (မုံရွာ) ကို ၂၀၀၃ ခုနှစ် ဧပြီ ၇ ရက်နံနက်က နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး မော်ကွန်း ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

[ချင်းတွင်းတံတား (မုံရွာ) မှာ အရှည် ၄၇၃၀ ဒသမ ၂ ပေ ရှိပြီး တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ ပေဖြစ်သည်။ တံတား၏ တစ်ဖက်စီတွင် ခြောက်ပေကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားပေါ်တွင် ယာဉ်တစ်စီးချင်း ခွင့်ပြု အလေးချိန်မှာတန် ၆၀ ဖြစ်သည်။]

[ဓာတ်ပုံ-လှိုင်မိုး(ရွှေအင်းသား)]

နမ့်စန်-ဆိုက်ခေါင် ရထားလမ်းသစ် ဖောက်လုပ်ရေးလုပ်ငန်းကို မြန်မာ့မီးရထားက မူလရည်မှန်းချက်အတိုင်း ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆိုက်ခေါင်ဘက်အပိုင်း၌ တပ်မတော်သားများက ဤသို့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ (အောက်ပုံ) (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

သင်ပုန်းတမံ ရေထုတ်မြောင်းတည်ဆောက်

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော သင်ပုန်းရေလှောင်တမံ၌ ရေထုတ်မြောင်းနှင့်မြေသားတမံတို့ကို အချိန်မီပြီးစီးရန် ယန္တရားများဖြင့် ဆောင်ရွက်နေသည်ကို ဤသို့တွေ့ရသည်။ (အပေါ်ပုံ)

[ဓာတ်ပုံမှတ်တမ်း-အောင်မိုး(ကြေးမုံ)]

ဓာတ်ပုံမှတ်တမ်း

အောင်မိုး(ကြေးမုံ)

လှိုင်မိုး(ရွှေအင်းသား)

ခရမ်းစိုးမြင့် နှင့် မိုးမြင့်လှိုင်

ဘိန်းအစားထိုးသီးနှံ ပန်းဂျုံစိုက်ခင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး ဆောင်ရွက်ချက်ကို ဒေသတွင်းရှိ တိုင်းရင်းသား ခေါင်းဆောင်များ၊ တောင်သူလယ်သမားများက နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြသည်။

[ယာပုံတွင်လောက်ကိုင်ခရိုင် အထူးဒေသ(၂)၌ ဘိန်းအစားထိုး စိုက်ပျိုးထားသော ပန်းဂျုံစိုက်ခင်းများကို တွေ့ရစဉ်။]

(ဓာတ်ပုံမှတ်တမ်း-ခရမ်းစိုးမြင့်)



အောင်မြင်ဖြစ်ထွန်းနေသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ် မျိုးကြက်ခြံနှင့် ကြက်သားဖောက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ လမ်းညွှန်ချက်အရ ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားဖောက်လုပ်ငန်း ဖြန့်ဖြူးရေးစခန်း အဆောက်အအုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-ဌေးအောင်၊ ကြေးမုံ)

သတင်းဆောင်းပါး-အောင်နိုင်ဦး၊ ရွှေတင်အုန်း
ဓာတ်ပုံ-ဌေးအောင် (ကြေးမုံ)

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးဇုန်သို့ ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၅ ရက်က လှည့်လည်စစ်ဆေးစဉ် တိုင်းစစ်ဌာနချုပ်များတွင် "မျိုးကြက်ခြံနှင့် ကြက်သားဖောက်ထုတ်လုပ်ဖြန့်ဖြူးရေး"အတွက် စီမံချက်ချမှတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းသို့ လမ်းညွှန်ချက်အရ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ရန်ကုန်-ပုသိမ် ကားလမ်းပေါ်ရှိ အပင်နှစ်ဆယ်ကျေးရွာတွင် မြေဧကငါးဧက ကျယ်ဝန်းသော မျိုးကြက်ခြံနှင့် ကြက်သားဖောက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းဖွင့်လှစ်၍ မျိုးကြက်များအောင်မြင်လျက်ရှိသည်ဟု ကြားသိရ

သဖြင့် ဇူလိုင် ၁၈ရက် ညနေပိုင်းတွင် ဦးစီးအရာရှိ ဒုတိယတန်း (စစ်ထောက်) ဗိုလ်မှူးစိုးဝင်းနှင့်အတူ ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြသည်။

စခန်းတာဝန်ခံ ဗိုလ်ကြီးကျော်ဇေယျက "၉-၄-၂၀၀၃ ရက်မှ စ၍ Babcock မျိုးကြက်အထီး ၁၅၀ ကောင်၊ မျိုးကြက်အမ ၁၀၂၀ ကောင် စုစုပေါင်း ၁၁၇၀ ဖြင့် မွေးမြူခဲ့ပါတယ်။ ယခု ၁၂ပတ်ရရှိမှုတွင် ကြက်ပေါက်လေးများမှ ကြက်လတ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ အထီးတစ်ကောင်နှင့် အမ သုံးကောင်သာ သေဆုံးခဲ့ပါတယ်။ စံချိန်မီမျိုးဥများနှင့် မျိုးသန့်ကြက်သားပေါက်များရရှိရန် မျိုးကြက်များကို အပတ်စဉ် (Body Weight) ချိန်တွယ်စစ်ဆေးခြင်းနှင့် စနစ်တကျ ကာကွယ်ဆေးများ ထုံးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရပါတယ်"ဟု ပြောကြားသည်။

ဆက်လက် ရှင်းလင်းပြောကြားသည်မှာ "မကြာမီ မျိုးကောင်းမျိုးသန့် ကြက်သားပေါက်လေးများ ပေါက်ဖွားလာတော့မှာဖြစ်ပါတယ်။ တစ်ကြိမ်လျှင် ကြက်ဥ ၁၈၀၀၀ ဆံ့သည့် ကြက်ဥဝပ်စက်တစ်လုံးနှင့် တစ်ကြိမ်လျှင် ဝပ်ထားသော ကြက်ဥ ၃၀၀၀ဆံ့သည့် ကြက်သားပေါက်လေးများ ဖောက်သည့် ကြက်သားဖောက်စက်တစ်လုံး စုစုပေါင်း နှစ်လုံးတပ်ဆင်လျက် ရှိပါတယ်။ စက်နှစ်လုံးတွင် လိုအပ်သောအပူချိန်ကိရိယာများ တပ်ဆင်ခြင်းနှင့် စက်ကြံ့ခိုင်မွမ်းမံပြင်ဆင်မှုများ ပြီးစီးပြီဆိုလျှင် လုပ်ငန်းစတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုဇူလိုင်လကုန်တွင် ကြက်သားပေါက်လေးများ အောင်မြင်စွာ ဖောက်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်"ဟု ကြေးမုံသတင်းအဖွဲ့သို့ ပြောကြားသည်။

Babcock မျိုးကြက်အထီး ၁၅၀၊ မျိုးကြက်အမ ၁၀၂၀ စုစုပေါင်း ကြက်သားပေါက်ကောင်ရေ ၁၁၇၀ ဖြင့် ဧပြီ ၉ရက်က စတင်မွေးမြူခဲ့ရာ ၁၂ပတ်သား ကြက်လတ်အရွယ်ရောက်ရှိနေသော မျိုးကြက် တစ်အုပ်တစ်မကြီးကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ဌေးအောင်၊ ကြေးမုံ)

အဆိုပါ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားဖောက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသည် သန့်ရှင်းသပ်ရပ်သော မွေးမြူရေးစခန်းတစ်ခုဖြစ်သည်ကို တွေ့ရှိရသည်။ မွေးမြူထားသည့် ကြက်ခြံတွင် ကြက်လတ်အရွယ် Babcock မျိုးကြက်အထီးများနှင့် မျိုးကြက်အမများ တစ်အုပ်တစ်မကြီး ဖြစ်ထွန်းအောင်မြင်နေသည်ကိုလည်း တွေ့ခဲ့ရသည်။

၁၀၀ ဒီဂရီ(သို့မဟုတ်) ၉၉ဒီဂရီဖာရင်ဟိုက် အပူပေးကာ ရက်ပေါင်း ၁၈ရက်ကြာ ထည့်သွင်းထားသော ကြက်ဥဝပ်စက်မှ ကြက်ဥ ၁၈၀၀၀ ကို တစ်ကြိမ်လျှင် ကြက်ဥ ၃၀၀၀ ဆံ့ပြီး သုံးရက်ကြာလျှင် ကြက်သားပေါက်ကောင်ရေ ၃၀၀၀ ဖြစ်လာမည့် ကြက်သားဖောက်စက်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ဌေးအောင်၊ ကြေးမုံ)

မျိုးကြက်ခြံနှင့် ကြက်သားဖောက်ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းမှ မကြာမီ ရရှိလာမည့် ရက်သားကြက်ပေါက်လေးများကို တိုင်းကြက်ခြံ၊စုပေါင်းမွေးမြူရေးရွာနှင့် တပ်နယ်၊ တပ်ရင်း၊တပ်ဖွဲ့များသို့လည်းကောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ မွေးမြူရေးစခန်းများနှင့် မွေးမြူရေးလုပ်ငန်းရှင်များသို့လည်းကောင်း ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးရန်စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိရသဖြင့် အောင်မြင်ဖြစ်ထွန်းနေသည့် မျိုးကြက်ခြံနှင့်ကြက်သားဖောက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ **(ကြေးမုံ)**

မန္တလေး ICT Park
International ICT Exhibition 2003

* **Hardware** ပြခန်းများ
* **Software** ပြခန်းများ
* ပညာရေးပြခန်းများ
* ပညာရေးဆိုင်ရာ ဟောပြောပွဲများ

ကျင်းပမည့်နေ့ - ၁၆-၈-၂၀၀၃ မှ ၂၀-၈-၂၀၀၃ ထိ။
ကျင်းပမည့်အချိန် - နံနက်(၉:၀၀)နာရီမှ ညနေ(၅:၀၀)နာရီထိ။
ကျင်းပမည့်နေရာ - ရတနာပုံဈေး စတုတ္ထထပ်၊ မန္တလေး။

ပြည်မြန်မာသတင်းဂျာနယ် အမှတ်-၃၇၄ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

၁၉၉၆ခုနှစ် ဧပြီလမှ စတင်ထုတ်ဝေခဲ့သည့် ပြည်မြန်မာသတင်းဂျာနယ်ကို စက္ကူဖြူ အချောစားဖြင့် သတင်းဦးစားပေး အသွင်သစ် ဆက်လက်ထုတ်ဝေလျက်ရှိသည်။ တစ်နှစ်လျှင် လူနာတစ်သိန်းခန့် ကုသပေးနေသည့် ကုသိုလ်ဖြစ်ဆေးရုံကြီး၊ စိတ်ဝင်စားစရာကောင်းလှသည့် တူရိယာပစ္စည်းများအပါအဝင် ပြည်တွင်းပြည်ပ သတင်းစုံလင်စွာဖြင့် ပြည်မြန်မာ သတင်းဂျာနယ် အမှတ် ၃၇၄ကို သုတစွယ်စုံစာအုပ်တိုက် အမှတ်(၉) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၅၁၂နှင့် ၂၀၂၀၈၉တို့က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက် ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(က-ပ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၁၃

ဦးယဉ်ထွေးသည် သန်လျင် ဂေါက်ကလပ်၌ ဩဂုတ် ၉ရက် ညနေတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၉၂ကိုက်အကွာမှ Titliest No.3 ဘောလုံးအား Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များ ဖြစ်ကြသော ဦးကံညွန့်၊ ဦးခင်စိုး၊ ဦးနေလင်း၊ ဦးခိုင်ဖုန်းတို့နှင့်အတူ ကစားခဲ့ကြောင်းသိရသည်။

(က-ပ)

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်၏ ဥပဒေပြဋ္ဌာန်းသည့်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်၏ ဥပဒေပြဋ္ဌာန်းသည့် အစည်းအဝေးကို ဩဂုတ် ၉ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ (MICT Park)၌ ပြုလုပ်ရာ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ သဘာပတိ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက အမှာစကားပြောကြားသည်။ ထို့နောက် Win Thin & Associates မှ တာဝန်ရှိသူက ဥပဒေပြဋ္ဌာန်းသည့် အစီရင်ခံစာ (Statutory Report) ကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသည့် အစုရှယ်ယာရှင်များထံမှ အတည်ပြုချက် ရယူသည်။

အမှာစကားပြောကြား

အစီအစဉ်အရ သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးကို ဆက်လက်ပြုလုပ်ရာ သဘာပတိ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သိန်းဆွေက အမှာစကားပြောကြားပြီး Win Thin & Associates မှ ဦးဝင်းသင်က အစုရှယ်ယာများကို ရှင်းလင်းတင်ပြသည်။

အတည်ပြုချက်ရယူ

ယင်းနောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်ခြင်းကို အစုရှယ်ယာရှင်များထံမှ အတည်ပြုချက်ရယူပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



လေထန်ပေမယ့် ပန်းမကြွေ ဘာသာပြန်စာအုပ် ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၁၃

အန္တရာယ်နှင့် အခက်အခဲ အမျိုးမျိုးကို ခိုင်မာသောစိတ်ဓာတ်ဖြင့်ကျော်ဖြတ်နိုင်ခဲ့ကြသည့် အမျိုးသမီးခေါင်းဆောင်ဦး၏ ဖြစ်ရပ်မှန်များကို တင်မောင်မြင့် စုစည်းပြန်ဆိုထားသည့် လေထန်ပေမယ့် ပန်းမကြွေ စာအုပ်ကို ပါရမီစာပေ အမှတ် ၂၃၀ ၂၉လမ်း ဖုန်း-၂၅၃၂၄၆က တန်ဖိုးကျပ် ၁၀၀၀ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။**(အပေါ်ပုံ)** ယင်းစာအုပ်မှာ ရီးဒါးစ် ဒိုင်ဂျက်စာအုပ်ကဏ္ဍ၌ ပါရှိခဲ့သည်တို့ထဲမှ မြန်မာပရိသတ် အကြိုက်တွေ့မည့် အကြောင်းအရာတို့ကို ရွေးချယ်ထားခြင်း ဖြစ်ကြောင်းသိရသည်။ (က-ပ)

အကြိမ်(၂၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၂၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲတွင် ဖြေဆိုအောင်မြင်ပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ်၁၂ရက် မွန်းလွဲ၂နာရီက ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်းအတွင်းရှိ မိုးကုတ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများ၊ သင်တန်းနည်းပြဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ (က-ပ)

ကွတ်ခိုင်မြို့နယ်အတွင်း ဘိန်းချက်စခန်းတစ်ခု ဖော်ထုတ်ရှင်းလင်း မူးယစ်ဆေးဝါး ဆက်စပ်ပစ္စည်းများနှင့် လက်နက်များ ဖော်ထုတ်ဖမ်းမိ

ရန်ကုန် ဩဂုတ် ၁၃

နယ်မြေခံတပ်မတော် စစ်ကြောင်းတစ်ကြောင်းနှင့် မူးယစ်(အထူး)အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဆောင်ကျဲကျေးရွာနှင့် နမ့်ပြင်းကျေးရွာအကြား ခန့်မှန်းမြေပုံညွှန်း(SO-၅၅၁၉)၌ ဘိန်းချက်စခန်းတစ်ခုရှိကြောင်း သတင်းအရ သွားရောက်ရှင်းလင်းခဲ့ရာ ၂၀၀၃ခုနှစ် ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁ရက်အထိ ဘိန်းချက်စခန်းတစ်ခုကို ဘိန်းချက် တဲကြီးသုံးလုံး၊ ပစ္စည်း သိုလှောင်တဲနှစ်လုံး၊ လူနေတဲတစ်လုံး၊ ဘိန်းဖြူ ၆၂ဒသမ၄၅၂ကီလို၊ ဘိန်းစိမ်း ၃၆ဒသမ၄ကီလို၊ လှိုက်ဇော ၆၆၁ဒသမ၅လီတာ၊ အီသာ ၁၃၅လီတာ၊ ကလိုရီဖောင်း၂ဒသမ၈၄၄ လီတာ၊ ဟိုက်ဒြိုကလိုရစ် အက်ဆစ် ၂၀၂ဒသမ၅လီတာ၊ အက်ဆစ်တစ်အင် ဟိုက်ဒြိုက် ၉၇၂လီတာ၊ အမိုနီယမ်ကလိုရိုဒ် ၂ဒသမ၉၇၅ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ၅၀၀ကီလို၊ ပိုတက်စီယမ် ကလိုရိုဒ် ၅၀၀ဂရမ်၊ ဆိုဒီယမ်မက်တယ် ၃ဒသမ၆ ကီလို၊ အရိုးမီးသွေးလေးအိတ်၊ လက်နက်မျိုးစုံလေးလက်၊ မော်တော်ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီး၊မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံ ၁၃မျိုးတို့နှင့် အတူဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)



ကွတ်ခိုင်မြို့နယ် နမ့်ဆောင်ကျဲကျေးရွာနှင့် နမ့်ပြင်းကျေးရွာအကြားရှိ ဘိန်းချက်စခန်းမှ သိမ်းဆည်းရမိခဲ့သော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



ခေတ်မီပရိဘောဂဆိုင် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ROYAL Modern Furniture ၏ Mart (2) ဖွင့်ပွဲကို တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံ ပလာဇာ ဒုတိယထပ်တွင် ဩဂုတ် ၃ရက်က ကျင်းပသည်။ ROYAL Modern Furniture Mart တွင် ရုံးသုံးပရိဘောဂများ၊ အိမ်သုံးပရိဘောဂများ၊ မီးခံသေတ္တာများကို အိမ်အရောက်ပို့ဆောင်ပေးသော စနစ်ဖြင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ROYAL Modern Furniture Mart နှင့် ဆက်သွယ်လိုပါက ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၅၄၀၀/၅၅၀၀)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇)၊ သမိုင်းမြေကွက်အမှတ်၄/C၁၀/I ဧရိယာ သုညဒသမ၀၆၂ ဧကရှိ(အစိုးရမြေ)၊ အမှတ် ၅/၂၂(က)၊ အောင်ဇေယျလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သောမြေကွက်ကို ဦးမိုးသွင်စီအား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

BizSoft Family of ACE Data Systems
InfoCom Systems

Certificate in IT for Office Work

- Internet and E-mail
- Microsoft Word
- Microsoft Excel
- Microsoft Access
- PowerPoint

Certificate in IT for Accountants

- ACCPAC Plus
- Microsoft Excel

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းတို့ ဦးဆောင်သောဝန်ထမ်းများ ဇူလိုင် ၂၉ ရက်က မြို့ကျက်သရေဆောင် မွေတော်ဘုရားကြီးနှင့် ဘုရင့်နောင်ရေကန်အနီးရှိ အဖွဲ့ပိုင်ဘုရင့်နောင် ပန်းခြံတွင် ပေါင်းမြက်များ ရှင်းလင်းပြီး ပန်းအလှပင်များ၊ အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဥက္ကဋ္ဌ သစ်ပင်စိုက်ပွဲတော် တက်ရောက် မကွေး-ရေနံချောင်းကားလမ်း မြေညှိပြုပြင်မှု ကြည့်ရှု

မကွေး ဩဂုတ် ၃

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းသည် မြေလတ်မြို့တော် မကွေးမြို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စီမံချက်ကို လက်တွေ့အကောင်အထည်ဖော်သောအားဖြင့် ဇူလိုင် ၂၆ ရက်က မကွေးလေယာဉ်ကွင်းသစ် လေဆိပ်အဝင်လမ်းမကြီး လမ်းဘေးဝဲ-ယာတစ်လျှောက် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်ပါဝင်စိုက်ပျိုးသည်။

ယင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ဆိမ့်၊ မန်ကျည်း၊ ဆီး၊ တမာ၊ မဲဇလီ၊ စိန်ပန်းပင်ကြီး၊ စိန်ပန်းပင်လေး စုစုပေါင်းအပင် ၆၀၀၀ ကျော်ကို စိုက်ပျိုးခဲ့သည်။

စိုက်ပျိုးပြီး

မကွေးမြို့တွင် ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း စိမ်းလန်းစိုပြည်ရေးစီမံချက်ဖြင့် အပင်ပေါင်း ၃၁၀၈၁၀၀ စိုက်ပျိုးရန် လျာထားချက်အနက် ယနေ့ထိ ၁၂၇၇၂၉၇ ပင် စိုက်ပျိုးပြီးဖြစ်သည်။

ဆက်လက်၍ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းသည် မကွေးလေယာဉ်ကွင်းသစ်အဝင်လမ်းဘေး မကွေး-ရေနံချောင်း ကတ္တရာကားလမ်းဘေးဝဲ-ယာတွင် စက်ယန္တရားကြီးများဖြင့် မြေညှိပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **(အောက်ပုံ)** (၅၀၄)

ကလေးမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

ကလေး ဩဂုတ် ၅

စစ်ကိုင်းတိုင်း ကလေးခရိုင်ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ (၁၄)နှင့် (၁၅) ပင်လုံလမ်းမတော် လမ်းမကြီး တစ်လျှောက်၌ နှစ်စဉ် ပြုလုပ်မြဲဖြစ်သော မြို့လုံးကျွတ် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ပင်လုံရပ်ကွက်နေ သာသနာ့အကျိုးဆောင် ဝေယျာဝစ္စအသင်းမှ ကြီးမှူးလျက် ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ကလေးမြို့ပေါ်ရှိပရိယတ္တိစာသင်တိုက် အသီးသီး၌ သီတင်းသုံးတော်မူကြသော ပင့်သံဃာတော်အရှင်သူမြတ် အပါး ၄၀၀ကျော် ကြွရောက်တော်မူကြသည်။ (၄၅၇)

လဲဘူးခံပြကျေးရွာ ကျေးလက်အိမ်ရာစီမံကိန်း တာဝန်ရှိသူများစစ်ဆေး

တောင်ငူ ဩဂုတ် ၃

ပဲခူးတိုင်း(အရှေ့)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်သည် တောင်ငူမြို့သို့ ဇူလိုင် ၁၇ ရက်က ရောက်ရှိလာပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်ဇော်၊ အင်ဂျင်နီယာမှူး ဦးသိန်းသိန်းတို့ လိုက်ပါလျက် လဲဘူးခံပြကျေးရွာ၌ အကောင်အထည်ဖော်ဆောက်လုပ်လျက်ရှိသော ကျေးလက်အိမ်ရာ စီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ (၂၉၀)

ပင်လယ်ဘူးစာပေနှင့် စာနယ်ဇင်းအဖွဲ့ မြန်မာစာဂုဏ်ထူးရှင် ဂုဏ်ပြုပွဲကျင်းပ

ပင်လယ်ဘူး ဩဂုတ် ၂

ပင်လယ်ဘူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ပင်လယ်ဘူးအထကမှ မြန်မာစာဂုဏ်ထူးရှင်အား ဂုဏ်ပြုဆု ပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်(ကိုကိုမောင်-ပင်လယ်ဘူး)နှင့် အဖွဲ့ဝင်များ၊ ပင်လယ်ဘူး အထကကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းရီ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးချိုမောင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ဂုဏ်ပြုဆုပေးအပ်ပွဲတွင် မြန်မာ၊ သင်္ချာ၊ ရူပ၊ ဓာတုလေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မဇင်မာဦးနှင့် မြန်မာစာသင်ကြားပေးသူ အထက်တန်းပြဆရာ ဦးထွားမောင်(မောင်လွန်းမြိုင်-ပင်လယ်ဘူး)တို့အား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးချစ်ဦးနှင့် ဦးစိန်ဝင်း(ဦးစီးအရာရှိ၊ လဝက)တို့က ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** (၂၂၂)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူတို့ ဇူလိုင် ၂၁ ရက် က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ကလောမြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်

ကလော ဩဂုတ် ၅

ကလောမြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ မြို့နယ်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်က အောင်ပန်းဒေသ လွယ်မောကွင်း၌ကျင်းပသည်။

အခမ်းအနားတွင်ကလောတပ်နယ်မှ ဗိုလ်မှူးကြီး တင်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဦးထွန်းအောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝေတို့က မိုးစပါး စိုက်ပျိုးရာသီလျာထားချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ပထမဆုကို အောင်ပန်းဒေသ လွယ်မောအုပ်စု ကောက်စိုက်သမအသင်း၊ ဒုတိယဆုကို ဘော်နင်းအုပ်စု ကောက်စိုက်သမအသင်းနှင့်တတိယဆုကိုဟဲဟိုးဒေသ ဝါးရုံပင်ကျေးရွာအုပ်စု ကောက်စိုက်သမအသင်းတို့ အသီးသီးရရှိကြသည်။ **(မြို့နယ်စာနယ်ဇင်း)**

မြို့နယ်သတင်းများ

ဩဂုတ် ၁၆ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စတုတ္ထအကြိမ်သစ်ပင်စိုက်ပွဲတော်ကို မြို့အဝင်လမ်းမကြီးဘေးဝဲ-ယာတွင် ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဆင်းရတနာ အထွက်ကောင်း ယာစပါးမျိုး ကွမ်းလုံခရိုင်၌ အောင်မြင်ဖြစ်ထွန်း

ကွမ်းလုံ ဩဂုတ် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစိုးဝင်းသည် ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းဝင်း၊ မြေစာရင်းဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၀ ရက်က ကွမ်းလုံမြို့နယ် ကောင်းကဲကျေးရွာသို့ ရောက်ရှိသည်။

ထို့နောက် စပါးစိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၊ ကောင်းကဲကျေးရွာအုပ်စု ကျေးရွာဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးရာသီဆင်းရတနာအထူးအထွက်ကောင်း ယာစပါးမျိုး စိုက်ပျိုးမှု အခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံညှိနှိုင်းပွဲအပြီးတွင် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆင်းရတနာ အထူးအထွက်ကောင်းယာစပါး စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။ **(၄၆၄)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၅၄၀၀–၁၀၀–၅၉၀၀)အဆင့်ရှိ ဒု–ဦးစီးမှူးရာထူးနေရာတွင် အေဂျီတီအိုင်(မြို့ပြ) (၂၅)ဦး၊ အေဂျီတီအိုင်(လျှပ်စစ်စွမ်းအား)(၂၅)ဦး၊ အေဂျီတီအိုင်(စက်မှုစွမ်းအား) (၂၅)ဦး စုစုပေါင်း(၇၅)ဦးအားခန့်ထားနိုင်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်–
(က)ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁၅–၁၀–၂၀၀၃)ရက်နေ့တွင် အသက်(၂၀)ပြည့်ပြီး (၃၀)နှစ်ထက်မကြီးစေရ၊ ဝန်ထမ်းဖြစ်ပါက(၄၀)နှစ်ထက်မကြီးစေရ။
(ဂ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ်အမှုထမ်းရမည်။ (လုပ်ငန်းသဘာဝအရ **အမျိုးသား**များသာလျှောက်ထားနိုင်သည်။)

၃။ ပြင်ပပုဂ္ဂိုလ်များသည် လျှောက်လွှာများကို ၁၉–၉–၂၀၀၃ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာပြည်နယ်/တိုင်း/ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများသို့လည်းကောင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)သို့ တိုက်ရိုက်သော်လည်းကောင်း လျှောက်ထားနိုင်သည်။

၄။ အစိုးရဌာနမှ အမြဲတမ်းခန့်ဝန်ထမ်းများသည် သက်ဆိုင်ရာဌာနမှ တစ်ဆင့်လျှောက်ထားရမည်။ လျှောက်လွှာမိတ္တူတစ်စောင်ကို ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၁၅–၉–၂၀၀၃နေ့အရောက် ကြိုတင်ပေးပို့ရမည်။

၅။ ဝန်ထမ်းမဟုတ်သူများအတွက် သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၀၃ခုနှစ် ဇူလိုင်လနောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းနှင့် မြို့နယ်ရဲစခန်းထောက်ခံချက်မူရင်းတို့ပါရှိရမည်။

၆။ လျှောက်လွှာပုံစံများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)နှင့် သက်ဆိုင်ရာပြည်နယ်/တိုင်း/ခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများတွင်ရယူနိုင်ပြီး စာမေးပွဲဝင်ကြေး၂၀ဝိ/–(ကျပ်နှစ်ရာတိတိ)အား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)ငွေစာရင်းဌာနစုသို့ တိုက်ရိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်း/ ခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနများသို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၅–၁၀–၂၀၀၃)မှ (၁၇–၁၀–၂၀၀၃) ရက်နေ့ ရုံးချိန်အတွင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့သို့ (အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား)မူရင်းတို့နှင့် တကွ တင်ပြ၍ လျှောက်ထားသူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။ အရည်အချင်းစစ်စာမေးပွဲကို ၁၈–၁၀–၂၀၀၃ရက်နေ့ စနေနေ့ နံနက်(၀၉:၀၀)နာရီတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များဖြေဆိုရမည်။

၈။ ပြည့်စုံခြင်း၊ အချိန်မီရောက်ရှိခြင်းမရှိသော လျှောက်လွှာများအား စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။ အသေးစိတ်ကို ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန(ရုံးချုပ်)၊ စိမ်းလဲ့မေရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့(ဖုန်း)၆၆၇၃၅၇၊ ၆၆၇၃၁၇သို့ တိုက်ရိုက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈/၉၈၆၆၊ ည/၂၈၄၁၊ ည/၄၃၉၉နှင့် ထ/၄၀၃၃ ယာဉ်လက်ဝယ်ရှိသူများမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)၊ ကော့ကရိတ်မြို့သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(ကော့ကရိတ်)။**

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

(၁) Office Staff — **ကျား (၂) ဦး**
(ဘွဲ့ရ) — **မ (၂) ဦး**
(၂) ယာဉ်မောင်း — **ကျား (၃) ဦး**

- အမှတ်စဉ်(၁)အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်စွာ ရေးတတ်၊ ပြောတတ်ရမည်။ (ယာဉ်မောင်းတတ်သူ ဦးစားပေးမည်။)
- အမှတ်စဉ်(၂)အတွက် အသက် (၃၀)နှစ်မှ (၅၀)နှစ်အတွင်း အနည်းဆုံး လုပ်သက်(၅)နှစ်ရှိရမည်။ ကားမျိုးစုံမောင်းနိုင်ရမည်။
- ညအိပ်–ညနေ လုပ်နိုင်ရမည်။
- လျှောက်ထားသူများသည် ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်၍ လျှောက်ထားနိုင်သည်။ (ရုံးချိန်အတွင်း)

အမှတ်(၂၅၁)ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဝန်ကြီးများရုံးရှေ့၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေးအသင်းဖိတ်ကြားလွှာ

မန္တလေးအသင်း (၂၆)ကြိမ်မြောက် နှစ်လည်စုံညီအစည်းအဝေး၊ (၂၇)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ မန္တလေးအသင်း ချမ်းသာကြီးဆန်လှူအသင်း စုပေါင်းဆွမ်းဆန်တော်ငွေလှူဒါန်းပွဲကို ၁၇–၈–၂၀၀၃ (တနင်္ဂနွေနေ့) နံနက်(၉:၀၀)နာရီတွင် မန္တလေးအသင်းတိုက်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

၂၀၀၂ခုနှစ် တက္ကသိုလ်ပညာသင်နောက်ဆုံးနှစ်နှင့် ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အသင်းဝင်များ၏ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော သားသမီးများသည် ဆုယူရန် သက်ဆိုင်ရာအထောက်အထားများနှင့်အတူ ၁၆–၈–၂၀၀၃ရက်နေ့ နောက်ဆုံးထားစာရင်းပေးကြပါရန်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း၊ ရန်ကုန်မြို့။
ဖုန်း – ၂၈၆၀၉၉။

မြန်မာဂေါက်သီးရိုက်အသင်း
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်

မြန်မာဂေါက်သီးရိုက်အသင်းမှ အသင်းသားအချို့သည် အသင်းနှင့်ကာလကြာမြင့်စွာ အဆက်အသွယ်ပြတ်နေသည့်ပြင် အသင်းသားကြေးများလည်း ပေးသွင်းခြင်းမရှိပါသဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၂)ပတ်အတွင်း အသင်းနှင့်ဆက်သွယ်၍ ပေးရန်ရှိသည်များကို ပေးသွင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ပေးသွင်းခြင်းမရှိပါက အသင်းသားအဖြစ်မှ လုံးဝရပ်စဲမည် ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရ
ကိုနီ (အတွင်းရေးမှူး)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)
၁၉၇–၁၉၉၊ ကြည့်မြင်တိုင်အောက်လမ်း၊ ရန်ကုန်မြို့။
အကြောင်းကြားစာ

ရေအားလျှပ်စစ်ဦးစီးဌာနမှ ခေါ်ယူထားသည့် ဒု–ဦးစီးမှူး(မြို့ပြ)၊ ဒု–ဦးစီးမှူး(စက်မှု)၊ ဒု–ဦးစီးမှူး(လျှပ်စစ်)၊ ဒု–ဦးစီးမှူး(ဘူမိ)၊ ဒု–ဦးစီးမှူး(ကွန်ပျူတာ)၊ ဒု–ဦးစီးမှူး(ဓာတ်ခွဲခန်း)၊ ပုံဆွဲ(၂)ရာထူးများအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်ရက်	ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၄–၈–၂၀၀၃(တနင်္ဂနွေနေ့)	မြန်မာစာ	(၀၉:၀၀)နာရီမှ(၁၀:၀၀)နာရီထိ
၂၄–၈–၂၀၀၃(တနင်္ဂနွေနေ့)	အင်္ဂလိပ်စာ	(၁၀:၃၀)နာရီမှ(၁၁:၃၀)နာရီထိ

ဖြေဆိုခွင့်ရရှိသည့် အမည်စာရင်းနှင့် စာမေးပွဲဖြေဆိုရမည့်သူများ၏ ခုံအမှတ်ကို ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်) ကြော်ငြာသင်ပုန်းတွင် ၁၄–၈–၂၀၀၃နေ့မှစ၍ ကြော်ငြာထားမည်ဖြစ်ပြီး ဖြေဆိုမည့်သူများသည် ၁၄–၈–၂၀၀၃ မှ ၂၀–၈–၂၀၀၃နေ့ အတွင်း ရေအားလျှပ်စစ်ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနခွဲသို့ ရုံးချိန်အတွင်း သတင်းပို့ရန်ဖြစ်ပါသည်။

စာမေးပွဲဖြေဆိုရန် သတင်းပို့ရမည့်နေ့နှင့် ဖြေဆိုမည့်နေ့ရက်များတွင် ဘွဲ့လက်မှတ်(မူရင်း)၊ ဒီပလိုမာအောင်လက်မှတ်(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။

ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ

ဂျပန်နိုင်ငံ The Japan Foundation, Association of International Educationမှ ကမကထပြု ကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက် – ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၇ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက် – ၂၀၀၃ခုနှစ် သြဂုတ်လ ၁၂ရက်မှ ၂၀၀၃ခုနှစ် စက်တင်ဘာလ ၂၆ရက်နေ့အတွင်း
လျှောက်လွှာရရှိနိုင်သည့်နေရာ – ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ် – Level 1, Level 2, Level 3, Leve 4 အဆင့်(၄)ဆင့်ခွဲ၍ (1) writing-vocabulary, (2) Listening and (3) reading-grammar စစ်ဆေးမည်။

အသေးစိတ်ကို အောက်ပါနေရာတွင် စုံစမ်းနိုင်ပါသည်။
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် – ၅၁၅၂၃၆
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် – ၀၂–၃၂၃၃၀

အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၁၃)
(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၁၊ နည်း – ၈)
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ်–၂၄၈

ဦးပေါ်ထွန်း — **နှင့်** — **ဦးအလီအက်စ်ဂရ်**
အမှတ်(၆၀/၆၂)၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ — အမှတ်(၅)၊ သုံးမြောင့်လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
လျှောက်ထားသူ — **လျှောက်ထားခံရသူ**

သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်ပါအမှုမှ လျှောက်ထားသူ ဦးပေါ်ထွန်းက လျှောက်ထားခံရသူ ဦးအလီအက်စ်ဂရ်အပေါ် အမှတ်(၆၀/၆၂) ယခင်အမှတ်(၄/၆) ဗိုလ်ဆွန်ပက်လမ်း (ယခင်မောင်ထော်လေးလမ်း)ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အာဂါမိုဟာမက်ဟူစိန်ဝါကပ်ဖ်၏ ဂေါပကလူကြီးအဖြစ်ခန့်အပ်ပေးပါရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အမှုနှင့်သက်ဆိုင်သူ မည်သူမဆို ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၃ခုနှစ် သြဂုတ်လ ၂၅ရက်(၁၃၆၅ခုနှစ် ဝါခေါင်လဆုတ် ၁၃ရက်)နေ့ နံနက်၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ လျှောက်ထားသူ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ အထက်ကစွဲဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် အမိန့်ချမှတ်လိမ့်မည်။

၂၀၀၃ခုနှစ် သြဂုတ်လ ၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

လှတင် (တွဲဖက်တိုင်းတရားသူကြီး–၁၃)
ရန်ကုန်တိုင်းတရားရုံး။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ယုဇနမင်္ဂလာမြို့တော်၊ တိုက်(၉)နေ
ဦးအောင်သိုက်မြင့်(မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငြိမ်း)–
ဒေါ်မြတ်မြတ်ခိုင်တို့၏သား

မောင်အောင်သက်ခိုင် B.E(Civil)Y.T.U
M.Sc°(Environmental Engineering) NUS
Plant Engineer, Citiraya Industries Ltd. Singapore

နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၅၈)၊ စမ်းချောင်းလမ်းနေ
အငြိမ်းစား ပါမောက္ခဆရာဝန်ကြီး ဦးစံထွန်းအောင်–ဒေါ်ခင်စန်းရီ(ကျောင်းအုပ်၊ ငြိမ်း)
တို့၏သမီး

မခိုင်သွယ်ထွန်း B.Sc°(Hons;) I.C (Y.U)
B.E°(Chemical) Y.T.U
M.Engg (Chemical) Thesis (NUS)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၉–၇–၂၀၀၃နေ့တွင် စင်ကာပူနိုင်ငံ Registary of Marriage၌ လက်မှတ်ရေးထိုးပြီး ၁၃–၇–၂၀၀၃နေ့တွင် Dragon Gate Restaurant၌ မင်္ဂလာဧည့်ခံပွဲ ကျင်းပပြုလုပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်သက်ခိုင်–မခိုင်သွယ်ထွန်း။





ရွှေအင်ကြင်းရိပ်မွန်အဆင့်မြင့်အိမ်ရာ

သုဝဏ္ဏမြို့ အဝင်လုံမြို့ အေးချမ်းသော ပတ်ဝန်းကျင်

ယခုဝယ်ယခုအသင့်နေနိုင်သော အဆင့်မြင့်တိုက်ခန်းကျယ်များ

Golden Flower Co.,Ltd
အမှတ်(၂၁၄)၊ဝေါ၊တန်းလမ်း
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
(ဖုန်း-၂၂၀၀၂၄/၂၂၀၀၂၅/၂၂၀၀၂၆)

ကြမ်းခင်း ဧရိယာ
၂၃၀၀ / ၂၈၀၀ စတုရန်းပေ
Master Bed (၁) ခန်း
Bed Room (၂ / ၃) ခန်း
ဧည့်ခန်း၊ထမင်းစားခန်း
သန့်စင်ခန်း (၃)ခန်း

"အပြတ်ရွှေနှင့်ကိုရောင်းရသူမှပေးဆောင်ပါမည်"

V-Pile Foundation ၊တစ်စီးစာကားပေတ်ကင်၊ရေသန့်စက်၊PABX တယ်လီဖုန်း၊ဂြိုဟ်တုတယ်လီဗေးရှင်းစနစ်၊တစ်ခန်းလုံး-ပါကေး၊ကြွေပြား
လှေကား၊ရေချိုး-စတီးဆိုက်ပြူတင်း၊တံခါး-အလှုမီနီယမ်ကောနှစ်၊ Wall Paper တို့ဖြင့် အလှဆင်တည်ဆောက်ထားခြင်း

Yan Aung
ကားမျိုးစုံငှားရမ်းနိုင်ပါသည်။ (၂၄-နာရီ)
၂၅၆၇၉၀၊ ၂၅၆၇၉၀

CAR ရွှေအိုးစိုး RENTAL

CAD အသုံးပြုသူများအတွက်
သင့်လုပ်ငန်းရှိ ပုံဆွဲသူ (draftperson)လျှင်မြန်ထိရောက်စွာ ဆွဲနိုင်ရန် Auto-CAD ဆော့(ဖ်)ဝဲအား ပြုပြင်ပေး၍ ဆွဲသူအား trainingပေးသည်။
ဆက်သွယ်ရန် Ph: 542017

SHINE AC.DC

အမည်ပြောင်းခြင်း
မိုးကုတ်မြို့ လယ်ဦးရပ် အထက ခွဲ အဋ္ဌမတန်း(စီ)မှ မောင်ကံထူး(ဘ) ဦးအောင်မြင့်အား ယနေ့မှစ၍ မောင်မောင်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်မောင်နိုင်။

MCC ICT ခေတ် ၏ လူတိုင်း..လူတိုင်းအတွက်.....

ICT ခေတ်မှာ Internet ကို မသုံးတတ်ရင်မဖြစ်တော့ပါ ...MCC မှ လူတိုင်းအတွက် ... ⇒ Introduction to Internet course ... 6 weeks ... 2 weeks only ...

....ဝန်ထမ်းများအတွက်....Office XP Course ကို ....

အမြန်ဝယ်လိုသည်
၁။ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်ရှိ တိုက်ခန်းများ၊
၂။ အင်းစိန်အောင်ဇေယျအိမ်ရာရှိ တိုက်ခန်းများဝယ်လိုပါသည်။
Ph : 09-50-17479

ဖခင်အမည်မှန်
သန်လျင် အထက(၁)နဝမတန်း (A)မှ မောင်ထွန်းထွန်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းစိန်ဖြစ်ပါကြောင်း။ (၉/အရတ(နိုင်)၀၂၆၃၈၀)

ပွဲရုံငှားမည်

ဘုရင့်နောင်၊ ရေတမာလမ်း
ပွဲစားမလို။
Phone - 526787.

ကန့်ကွက်နိုင်ပါသည်

[illegible]

အခန်းငှားမည်

အလုံ၊ ကွင်းကျောင်းလမ်းကျယ် ၁၂၃'x၆၅'၊ပထပ်၊ 2BR၊ 1 A/C ကိုယ်ပိုင်ရေ၊ မီး၊ ညှိနှိုင်းဈေး၊ ပိုင်ရှင်ကိုယ်တိုင်၊ **ဖုန်း–၇၀၆၂၃၉။**

မြို့နယ်အရောင်းစာရေးနှင့် ယာဉ်မောင်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြို့နယ်အရောင်းစာရေး
ကျား၊ မ (၄၀) ဦး
၂။ ယာဉ်မောင်း
ကျား (၂) ဦး

လိုင်စင်ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူပါ ရှိရမည်။ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်အတူ လူကိုယ်တိုင် နတ်ရေကန် (၂၀)၊ ဗမ္ဘူရစ်လမ်း၊ စမ်းချောင်း မီးသတ်အနီး၊ ရန်ကုန်သို့ နံနက် (၉)နာရီမှ နေ့လယ်(၁)နာရီအတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

ကားရောင်းမည်

TOYOTA CORONA
94 MODEL

Ex Saloon

ခေါ်ဆင်

Supersaloon, Van, Town X, MarkII, Hilux, Publica

Ph :299983, 296137

ပျောက်ဆုံးခြင်း

ကျွန်တော်မောင်ဇော်ရဲညွှန့်[၁၁/ကဖန(နိုင်)၀၀၀၅၁၅]၏ Passport စာအုပ် အမှတ်(၄၅၂၅၀၈)မှာ ၁၁-၈-၂၀၀၃ ရက်တွင် အငှားယာဉ်ပေါ်၌ကျပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း–၂၀၀၆၁၂၊ ၅၉၀၁၃၃။

ကျေးဇူးဆပ်ပါမည်

ဒေါ်အုံးကြင်နှင့် လေးဦး အမည်ပေါက် မြေဂရန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်တို့ ကျပျောက်သွားပါသဖြင့် လက်ဝယ်ရှိသူမှ အောက်ပါဖုန်းသို့ ဆက်သွယ် အကြောင်းကြားပါ။
ဖုန်း – ၅၄၅၂၈၄။

လေးလေးဝတ်

ခရသင်း၊ သမင်မြို့

အမှတ်–၂၂၁၊၃၂

☎ : 252598

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
BAGAN SECURITY SERVICES CO.,LTD.

လုပ်ငန်းအတွေ့အကြုံရှိပြီး အဆင့်မြင့်အရည်အချင်းရှိသည့် လုံခြုံရေးဝန်ထမ်းများ ရွေးချယ်ခန့်ထားလိုပါသည်။

၁။ **လုံခြုံရေးဝန်ထမ်း (အမျိုးသား) (၃၀)ဦး**
- အသက်(၂၅)မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။
- အနည်းဆုံးပညာအရည်အချင်း (၈)တန်းအောင်ရမည်။
- စက်ရုံ၊ အလုပ်ရုံ၊ ကုန်လှောင်ရုံ၊ ဟိုတယ်၊ ဘဏ်နှင့် နေအိမ်စသည်တို့၏ လုံခြုံရေးကို အထူးတာဝန်ယူဆောင်ရွက်ပေးနိုင်သူဖြစ်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ ကျန်းမာသန်စွမ်းရမည်။
- လုံခြုံရေးနှင့်ပတ်သက်သည့် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။
- သွက်လက်ချက်ချာစွာ ပြောဆိုနိုင်သူဖြစ်ရမည်။
- အရပ်(၅)ပေ(၅)လက်မ အနည်းဆုံးရှိရမည်။
- အရက်၊ ဆေးလိပ်၊ ကွမ်းစားခြင်းကင်းရှင်းသူကို ဦးစားပေးစဉ်းစားမည်။
- ပညာအရည်အချင်းနှင့်ပတ်သက်၍ လုံခြုံရေးအတွေ့အကြုံရှိသူများကို လျှော့ပေါ့စဉ်းစားမည်။

၂။ လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း (C.V)၊ ပညာအရည်အချင်းအထောက်အထား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူပူးတွဲ၍ အောက်ပါလိပ်စာသို့ ၂၀-၈-၂၀၀၃ ရက်နေ့နောက်ဆုံးထား လျှောက်ထားနိုင်သည်။

ပုဂံလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ
အခန်း(၄၀၃/၄၀၄)၊ မြန်မာမေဖလားဝါးဘဏ်အဆောက်အအုံ၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၆၅၀၆၆၅၊ ၆၅၂၂၁၆။

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ချစ်သော မေကြီး (ဒေါ်မြင့်မြင့်စမ်း) ဖေကြီးနှင့် သမီးတို့ကို ခွဲခွာပြီး လူ့လောကထဲမှ ထွက်ခွာသွားသည်မှာ ၁၄-၈-၂၀၀၃ရက်တွင် (၁)နှစ်တိတိပြည့်ခဲ့သော်လည်း မေကြီးရဲ့ ဖြူစင်မြင့်မြတ်တဲ့ စေတနာ၊ မေတ္တာများကို နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရတမ်းတနေဆဲပါ။ မေကြီးအတွက် ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုကို မြင့်မြတ်သော ဘုံဘဝမှ မေကြီး သာဓုခေါ်ဆိုနိုင်ပါစေ...။

ကျန်ရစ်သူ ဖေကြီးနှင့် သမီးများ–
ဖေကြီး – ဦးသောင်းကြည်
သမီးကြီး – မဇင်ဇင်အောင် – ကိုစိုင်းထင်ပေါင်း
သမီးလတ်– မယုယုခိုင် – ကိုတင်မောင်ထွန်း
သမီးငယ် – မတင်တင်ယု (ခ) မနော် – ကိုစိုးမင်း
ချစ်မြေးများ – မောင်သိန်းထိုက်စိုး၊ မောင်ဘုန်းသန့်၊ မထက်ဦးခင်။

(၁) B.A (Business Science)
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Management. (Dip B.M)
(၃) Diploma in Banking Finance & Insurance. (Dip B.F.I)
(၄) Diploma in Enterprise Development. (Dip E.D)
(၅) Diploma in Financial Management. (Dip F.M)
(၁) Diploma in Secretaryship for Enterprise. (Dip S.E)
(၂) Diploma in Business Accounting. (Dip B.Acc)
(၃) Diploma in Marketing Management. (Dip M.M)

[illegible]

MIT MPEC

Window Basic Course
- Microsoft Word
- Microsoft Excel
- Microsoft PowerPoint
- Pagemaker
- E-mail & internet usages

Openingdate-23.8.03(10:00 to 12:00)
Saturday-Sunday
Queen Star Computer Center
Phone: 505278,502801,539151

Band - Juke Box

ခုံအားကျဆင်းနေပါ

CD, Count

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပိုက်ကွက်(တစ်လ) အမည်ပြောင်း/ဂရန်(နှစ်ပတ်) အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	ဇာတိ/နေရပ်	မြို့နယ်	မြေပိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပိုက်ကွက်(တစ်လ) အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	ဇာတိ/နေရပ်	မြို့နယ်	မြေပိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

DR. MIKE SEGAL
F.A.C.S.,F.A.C.C.,F.A.C.C.A
အသက်(၇၉)နှစ်
New York, U.S.A

No. 25, Central Park West, New York City, U.S.Aနှင့် ရန်ကုန်မြို့ အမှတ်(၁၀၅-၁၀၇)၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်နေ Mrs. Miriam Marshall Segal၏ ခင်ပွန်း၊ အမေရိကန်နိုင်ငံနေ Mrs. Betty Bardige, Mrs. Wendy Masi, Mrs. Patti Liberman, Mr.Richard Segal, Ms. Debbie Segal နှင့် Mr.Eric Boyrivenတို့၏ ဖခင်၊ မြေး ၁၃ယောက်တို့၏ အဘိုးသည် ၉-၈-၂၀၀၃ရက် (စနေနေ့) နံနက် ၄:၂၀နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

၁၅-၈-၂၀၀၃ (သောကြာနေ့) နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါက်တာဆင်ဘိုး
အသက်(၈၆)နှစ်
(M.B.,B.S)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောခရိုပ်သာလမ်း၊ အမှတ်(၄၂)နေ (ဦးကျင်ဆိုင်-ဒေါ်စိန်မှုံ) တို့၏ သား၊ (ဒေါက်တာ ဦးဘိုးသီ-ဒေါ်ငွေတူး)တို့၏ သားသမက်၊ ဒေါ်စောရီ၏ ခင်ပွန်း၊ ဒေါ်ခင်စောမွန်(အထက-၂၊ ကမာရွတ်)၏ မွေးသဖခင်၊ ကိုတင်ထွဋ်လှိုင်၊ ကိုမြတ်ထွဋ်လှိုင်-မဇင်မာဝင်း၊ ကိုမြတ်သူလှိုင်-မလှိုင်လှိုင်အေး၊ မသူဇာမွန်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၀၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးလှရွှေ အသက်(၈၀)
(တွံတေး၊ ကံဘဲ့)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၃၃)နေ (ဦးထွန်းစိန်-ဒေါ်စိန်ပွင့်)တို့၏ သား၊ (ဦးစောဟန်-ဒေါ်အေးမြင့်)တို့၏အစ်ကို၊ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ဒေါ်အေးအေးသန်း(အထက-၄၊ အလုံ)၊ ဦးသန်းဦး-ဒေါ်မေမေသန်း(အမက-၆၊ အလုံ)၊ ဒေါက်တာဒေါ်သင်း သင်းရီ(တိုင်းတီဘီဆရာဝန်ကြီး၊ ပဲခူးတိုင်း)တို့၏ ဖခင်၊ မအိငြိမ်းချမ်း(UFL)၊ မောင်အောင်မင်းကို(V-A၊ အထက-၄၊ အလုံ)၊ မောင်သူရဇော်တို့၏အဘိုးသည် ၁၃-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒုတိယဗိုလ်မှူးကြီးလဇွန်လုံဝါ(ငြိမ်း)
အသက်(၇၇)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဦးလဇွန်ဂျာယာယုံ-ဆရာမမရာမ်ထူဒေါ (အလက-၆)၊ ဦးနန်းစိမ်းဂျွန်ဘောက် (နမ္မတီးသကြားစက်)-ဒေါ်လဇွန်ခွန်ခွဲရိန်၊ ဦးလဇွန်ဂရောင်လီ၊ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်(ကလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)-ဒေါ်လဇွန်နူးရာလ်၊ Sisterအဖွဲ့၊ ပီတာနန်းစိန်လု-မလဇွန်ထူကျာန်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုး/ဘေး၊ (ဒူးဂျန်ထွေဇာ ဒေါ်မရာမ်နူ)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၂-၈-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြစ်ကြီးနားမြို့သုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

တစ်နှစ်ပြည့်အလွမ်း

၁၄-၈-၂၀၀၂ရက်တွင် ကွယ်လွန်သွားခဲ့သော ခင်ပွန်း ဦးထွန်းကြည်အား ရည်စူး၍ နေ့စဉ်၊ လစဉ်ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်လေရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှ-အမျှ-အမျှ ပေးဝေပါ၏။ ကောင်းမွန်ရာ ဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေ။ ကျန်ရစ်သူမိသားစု။

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဝင်းသန်း ပိုင်ဆိုင်သော မော်တော်ယာဉ်မာဇဒါ E/2000 ၈/၉၄၈၆၏ မော်တော်ယာဉ် မှတ်ပုံတင် စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ **ဦးဝင်းသန်း ဖုန်း-၆၆၇၃၀၃။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ခ/၆၀၃၂၊ ၄ခ/၅၂၄၅ မော်တော်ယာဉ်လက်ဝယ်ရှိသူမှမော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ဦးမောင်ပြန့် (၉၈)နှစ်
(မြောင်းမြ၊ ပြင်ရွာ)

မြောင်းမြမြို့၊ ပြင်ရွာဆေးရုံလမ်းနေ (ဦးအောင်ဘန်း-ဒေါ်နှင်းသုတ်) တို့၏ သားကြီး၊ (ဒေါ်ကလေးမ)၏ ခင်ပွန်း၊ ဦးအောင်ရှိန်-(ဒေါ်ရီ)၊ ဦးထွန်းဝင်း-ဒေါ်ခင်တင့်၊ ဦးဖိုးထူး-ဒေါ်ညို၊ (ဦးစံဝင်း)-ဒေါ်တင်လွှမ်း၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းနွဲ့တို့၏ မွေးသဖခင်၊ မြေး ၃၀ယောက်၊ မြစ် ၂၀ယောက်တို့၏ အဘိုးသည် ၉-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၈-၂၀၀၃ရက်တွင် ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်းဒါယိကာမကြီး
ဒေါ်မြရှင် (၇၉)နှစ်
(B.A, B.Ed)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အထက(၃)၊ ဗိုလ်တထောင်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၂၇)၊ တန်ဆောင်းကြီးလမ်းနေ (ဒေါ်အေး)၏သမီး၊ ဒေါ်ကျင်ယုံ(တွံတေး)၊ ဦးတင်မောင်-ဒေါ်ခင်အေးတို့၏တူမ၊ ဦးတင်အောင်ဘွား၊ ဦးတင်ဟန်-ဒေါ်နွယ်နွယ်တို့၏ အစ်မ၊ကိုစိန်လွင်-မခင်စောဝင်း၊ ကိုညီညီလွင်-မအေးမိုးဟန်၊ မောင်ရဲဝင့်ဟန်၊ မောင်ရဲလင်းဟန်တို့၏ကြီးကြီး ဒေါ်မြရှင်သည် ၁၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ထွန်း(ငြိမ်း)
ကြည်း-၂၀၉၆၁ (အင်းတိုင်)
အသက်(၇၅)နှစ်

(ဦးထွန်းရင်-ဒေါ်သဥ္စာ)တို့၏ သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၁) သဇင်လမ်းသွယ်၊ ပေါက်ကုန်းမြောက်ပိုင်း၊ အပိုင်(၉)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးသိန်းအောင်-ဒေါ်လှခင်၊ ဒေါ်စိန်စိန်တို့၏အစ်ကို၊ ဦးဝင်းအောင်-ဒေါ်အေးအေးကြွယ်၊ ခွဲတကကဝင်းမြင့်၊ ဒေါ်သူဇာဝင်း၊ ဗိုလ်ကြီးတင်အုန်း(ငြိမ်း)-ဒေါ်သန်းသန်းဝင်း၊ ဒုအရာခံဗိုလ်စောဝင်း-ဒေါ်သန်းသန်းငွေ(သစ်လုပ်ငန်း)၊ ဦးသိန်းဝင်း(KBZ)-ဒေါ်တင်အေးကြူ (အထည်ချုပ်-မင်္ဂလာဒုံ)၊ တကကဝင်းတင်-ဒေါ်တင်လေး၊ ဦးခင်အောင်ဝင်း (ကပရ)-ဒေါ်ခင်ခင်ငြိမ်း၊ ဦးအောင်ကျော်မိုး-ဒေါ်စန္ဒာဝင်းတို့၏ မွေးသဖခင်၊ မြေး ၁၈ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၈-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရဆရာတော်ဦးစတီဖင်စိန်
အသက်(၅၉)နှစ်
ညွှန်ကြားရေးမှူး၊မွေ့ရေးရာဌာန
သတ္တမနေ့ဥပုသ်အသင်းတော်

ကရင်ပြည်နယ်၊ သံတောင်မြို့နယ်၊ ရွှေသောင်ပင်ရွာနေ (ဦးဘစိန်)-ဒေါ်နှင်းဖြူတို့၏ သားဦး၊ ရန်ကုန်မြို့၊ အမှတ်(၇၂)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်ဂျူးလီယာစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစောရိုလင်းသန်း-ဒေါ်မေရီစိန်၊ မာစီစိန်၊ အေးမော့စိန်၊ မြသန္တာစိန်၊ ကျော်ဘစိန်၊ ဂရေစီစိန်တို့၏ ချစ်လှစွာသော ဖခင်၊ ဦးဘချော-ဒေါ်ဝိနီးနာ၊ ဦးဘသာ-ဒေါ်မဲလေ၊ ဦးသိန်းထွန်း-ဒေါ်ဝိနီးထာ၊ ဦးတိမောသေ-ဒေါ်နော်ဂေးဂေ၊ဦးမာရှယ်-ဒေါ်ဆာမူဖော၊ ဦးစောမားခတ်(စ်)-ဒေါ်မေမေခင်တို့၏ အစ်ကိုကြီးသည် ၁၃-၈-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၅-၈-၂၀၀၃ (သောကြာနေ့) နံနက် ၁၀နာရီတွင် အမှတ်(၆၈)၊ ဦးဝိစာရလမ်းရှိ ခရစ်တော်ကိုမျှော်လင့်သော ရန်ကုန်ဗဟိုသတ္တမနေ့အသင်းတော်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
ဦးထွန်းလှ (၈၁)နှစ်
(ရွှေဒေါင်းယဉ်သက်န်းတိုက်)

မုံရွာမြို့၊ ဘုရားကြီးလမ်းနေ (ဦးဘိုးအိ-ဒေါ်ညွှန့်)တို့၏ သား၊ ဒေါ်ခင်ပု၏ ခင်ပွန်း၊ ဦးညွှန့်တင်-ဒေါ်ခင်စန်းဝင်း၊ ဦးကိုကြီး-ဒေါ်ခင်ငွေးဝင်း၊ ဦးညွှန့်ငွေ-ဒေါ်မြင့်မြင့်အေး၊ မခင်မဥ္စူ၊ ဦးလှငွေ-ဒေါ်မိုးမိုးအေးတို့၏ဖခင်၊ မသန္တာကိုကြီး၊ မခိုင်ဇာကိုကြီး၊ မောင်သန်းဝင်း၊ မောင်နိုင်ဝင်း၊ မောင်ထွန်းထွန်းဝင်း-မလင်းဝင့်ဝင့်ဖြူ၊ မခိုင်သင်းမွန်၊ မောင်သာထွန်းလင်း၊ မောင်ထွန်းလင်းဇော်၊ မောင်ဥာဏ်လင်းထွန်းတို့၏ အဘိုး၊ မောင်ဝေယံဖုန်းပြည့်၏ အဘိုးသည် မုံရွာမြို့၊ ဘုရားကြီးလမ်းနေအိမ်၌ ၁၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၀၃ (သောကြာနေ့) ညနေ ၄နာရီတွင် မုံရွာစကျင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းအေး (၆၂)နှစ်
B.A., LLB (၁၉၆၇-၁၉၇၂)
တရားရုံးချုပ်ရှေ့နေ
(ဇီးကုန်း)

ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ရွာမလမ်းနေ (ဦးလှသိန်း-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ (ဦးစု-ဒေါ်စိန်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၃)လမ်း၊ အမှတ်(၂၀)နေ ဦးကျော်ဝင်း (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု(ပြန်/ဆက်ရုံးချုပ်၊ ဝန်ထမ်းဟောင်း)၏ ဇနီး၊ ကြို့ပင်ကောက်မြို့၊ ဂါတ်သစ်လမ်းနေ (ဦးမောင်ညွန့်)-ဒေါ်အေးနု၊ (ဦးသိန်းထွန်း)-ဒေါ်မြမှုတို့၏ တူမ၊ မောင်အောင်သူရကျော်(လှိုင်မြို့နယ်ထွေ/အုပ်ဦးစီး)၏ ချစ်လှစွာသော မိခင်သည် ၁၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၈-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်လှိုင် (၇၃)နှစ်
(တောင်ကြီး)

တောင်ကြီးမြို့၊ ပေါ်ကုန်းရပ်၊ ပိတောက်လမ်း၊ အမှတ်(၂၉)နေ ဦးစံထွေး-(ဒေါ်ဆင်)တို့၏ သမီး၊ ဦးတင်ဝင်း(ရွှေစင်စတိုး)၏ဇနီး၊ ဦးတင်လှိုင်ဦး-ဒေါ်ကျင်ကျင်ဝိုင်(ဟဲဟိုး)၊ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည်၊ ဦးလှတင်-ဒေါ်သန်းသန်းစီ(ရွှေစင်ပလတ်စတစ်စက်ရုံအေးသာယာစက်မှုဇုန်)၊ ဦးသောင်းငွေ-ဒေါ်ညွန့်ညွန့်ဝင်း(ကမ္ဘောဇစုပါထုတ်လုပ်ရေး၊ အေးသာယာစက်မှုဇုန်)၊ (ဦးစန်းလှိုင်)-ဒေါ်သန်းသန်းရီ၊ ဦးခင်မောင်ထွေး-ဒေါ်မွန်မွန်ခိုင်၊ ဦးဝင်းလှိုင်ထွန်း-ဒေါ်နန်းရီထွေး၊ ဒေါက်တာဥမ္မာဝင်း (ကျောက်ကျန်းမာရေး၊ တောင်ကြီး) တို့၏ မိခင်၊ မြေး ၁၆ယောက်တို့၏ အဘွားသည် ၁၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ခြောက်မိုင်ခွဲ ဟုတ်ကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင့်လွင် (၆၅)နှစ်
ဆသရ(ငြိမ်း)၊ ဗဟိုကြေးနန်းရုံး
(ကဒုံကနီ၊ ဘိုကလေးမြို့)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၁၂၅)၊ စိမ့်လဲ့သာယာလမ်း၊ ဆက်သွယ်ရေးရပ်ကွက်နေ ဒေါ်အမာစီ (အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ မနီလာလွင် (သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)၊ မစန္ဒာလွင်(အထက-၃၊ ဒဂုံ)၊ မချိုမာ လွင် (MFTB)၊(မောင်ဇာနည်လွင်)၊မောင်နေမျိုးလွင်(MFTB)၊ (ဗိုလ်ကြီးအောင်မျိုးလွင်) တို့၏ မွေးသဖခင်သည် ၁၂-၈-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၄-၈-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသက်နိုင်စိုး (၃၃)နှစ်
B.Sc. (Forestry)
တောအုပ်ကြီး
သစ်တောဦးစီးဌာန၊ မော်လိုက်မြို့
(ရေနံချောင်း)

ရေနံချောင်းမြို့နေ ရေနံတွင်းစားရိုး (ဦးရိုးကွန်၊ ရေနံတွင်းစားရိုး ဒေါ်ခင်မကြီး)၊ (နဂါးနီပိုးထည်တိုက် ဦးဘသန်း-ဒေါ်ဒေါ်သန်း)တို့၏ မြေး၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်ထားကြွယ်တို့၏ သားထွေး၊ (ဦးကျော်အေး)-ဒေါ်လှမြစ်စိုး (မြန်မာစာဌာနရေနံချောင်းဒီဂရီကောလိပ်)၊ ဦးနိုင်အောင်စိုး၊ (ဦးရိုးမောင်သင်း)-ဒေါ်လှမြစ်ကြွယ်၊ ဦးကျော်မင်း-ဒေါ်ခင်စိုးကြွယ်တို့၏ မောင်/ညီ၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေး ဦးသက်နိုင်စိုးသည် ၁၁-၈-၂၀၀၃ရက်တွင် အေးသီရိအထူးကုဆေးခန်း မန္တလေးမြို့၌ ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၃ရက်တွင် ကြာနီကန်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးသက်နိုင်စိုး (၃၃)နှစ်
B.Sc. (Forestry)
တောအုပ်ကြီး
သစ်တောဦးစီးဌာန၊မော်လိုက်မြို့
(ရေနံချောင်း)

၁၁-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသက်နိုင်စိုးအား နာမကျန်းဖြစ်စဉ်က အနီးကပ်ကုသစောင့်ရှောက်ပေးခဲ့ကြသော မန္တလေးမြို့ အေးသီရိအထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအားလုံးနှင့် ဆေးကုသစဉ်နှင့်ဈာပနကိစ္စအစမှ အဆုံးထိ လိုလေသေးမရှိ ကူညီခဲ့ကြသော မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း သစ်တောဦးစီးဌာနများမှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးတို့အားကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်စိန် (၈၈)နှစ်
ဟိတေသီရာသက်ပန်အသင်းဝင်
မိုးကုတ်ယောဂီ
(လပွတ္တာ)

ရန်ကုန်မြို့နေ (ဦးမောင်အေး)၏ဇနီး၊ (ဦးပြေသက်)၊ ဦးထင်ကျော်-ဒေါ်ကြည်သောင်း၊ ဦးတင့်ရင်-ဒေါ်ခင်စိန်၊ ဦးလှဝင်း-ဒေါ်သန်းဟံ၊ ဦးအေးသိန်းကျော် (ဗဟိုတရားရုံးချုပ်ရှေ့နေ)-ဒေါ်အုံးငွေ၊ ဦးမြင့်သိန်း (အထက်တန်းရှေ့နေ)-ဒေါ်မြင့်မြင့်စိုး၊ ဦးလှိုင်တင်(မထသ၊ ဌာနခွဲ-၂)-ဒေါ်ခင်ငြိမ်းဆွေ၊ ဗိုလ်မှူးတင်ဝေ(ဒုတိယဌာနမှူး၊ မြို့တော်စည်ပင်)-ဒေါ်စမ်းသွင်၊ဒေါ်ညွန့်ညွန့်အေး(တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးငွေဝင်း(စိန်မြို့တော်ကွန်ကရစ်လုပ်ငန်း၊ အင်းစိန်)-ဒေါ်နီနီအောင်တို့၏ မွေးသမိခင်၊ မြေး ၂၈ယောက်၊ မြစ် ၃၁ယောက်တို့၏အဘွားသည် ၁၂-၈-၂၀၀၃ရက်တွင် သီရိစန္ဒာဆေးခန်း၊ အင်းစိန်တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၁၂၆)၊ ဦးဖိုးလှိုင်လမ်း၊လှိုင်သာယာမြို့နယ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

လပွတ္တာမြို့နယ်အသင်း
ဒေါ်ညွန့်စိန် (၈၈)နှစ်

ရန်ကုန်တိုင်း၊ အမှတ်(၁၂၆)၊ ဦးဖိုးလှိုင်လမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ရာသက်ပန်အသင်းဝင် ဗိုလ်မှူးတင့်ဝေ(မြို့တော်စည်ပင်)၏ မိခင် ဒေါ်ညွန့်စိန်သည် ၁၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါ။

အမှုဆောင်အဖွဲ့။

ဦးအေးကြူ (၆၅)နှစ်
ဓာတ်ခွဲမှူး(ငြိမ်း)၊ နီနီဓာတ်ခွဲခန်း
(မြောင်းမြမြို့နယ်အသင်းဝင်)

အိမ်မဲမြို့နေ (ဦးဟိန်းမောင်-ဒေါ်တရုတ်)တို့၏ သား၊ သန်လျင်မြို့နေ (ဦးလှမောင်-ဒေါ်ချစ်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်းမြို့သစ်(၁)လမ်း၊ အမှတ်(၅)နေ ဒေါ်မြမြ၏ ခင်ပွန်း၊ ကိုဝင်းညွန့်-မမာမာအေး (ဧရာမောင် ငါး/ပုစွန်ရောင်းဝယ်ရေး၊ ဘီတွဒ်)၊ ကိုကျော်ကျော်အေး-မအိရွှေစင် (ရေကမ္ဘာ ငါး/ပုစွန်ရောင်းဝယ်ရေး၊ လှုတော်)၊ ကိုထွန်းထွန်းနိုင်-မမော်မော်အေးတို့၏မွေးသဖခင်၊ မဖြူဝင်းအိ (2nd Year German YUFL)၊ မမွန်ရည်အောင်(IX-B၊ အထက-၄၊ တာမွေ)၊ မဆုလဲ့ဝတီ(KG-A၊ အထက-၂၊ ဒဂုံ) တို့၏ အဘိုးသည် ၁၂-၈-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၆-၈-၂၀၀၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်မျိုးသန့်(ခ)ကိုစီတုံ
အသက်(၄၇)နှစ်

(ဦးတင်ရှိန်-ဒေါ်ကျင်ရှိန်)တို့၏ သားငယ်၊ ဒေါ်ညွန့်ညွန့်၏တူ၊ (ဦးကြွက်-ဒေါ်ကြီးမ)တို့၏ သားသမက်၊ ဦးကျော်မြင့်-ဒေါ်နုနုရီ၊ ဦးကိုကိုကြီး-ဒေါ်သန်းသန်းနု၊ ဦးတင်မောင်ဦး-ဒေါ်ခင်ချိုသက်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသဒ္ဒီလမ်း၊ အမှတ်(၁၆/၇A)နေ ဒေါ်နုနုလှိုင်၏ ခင်ပွန်း၊ မောင်အောင်နန္ဒ၊ မောင်ပြည့်ဖြိုးအောင်တို့၏ ဖခင်သည် ၁၁-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၈-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးဖြူ (၉၂)နှစ်
(သနပ်ပြင်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၉)လမ်း၊ အမှတ်(၁၀၂၉)နေ ဦးကောက်၏ ဇနီး၊ (ဦးစိန်ဝင်း)-ဒေါ်လှရီ၊ ဦးမောင်စိန်-(ဒေါ်အေးကြင်)၊ ဦးတင်စိန်-ဒေါ်ခင်မြ၊ ဦးချစ်ဆွေ-ဒေါ်ခင်လှဆွေတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၂၀ယောက်၊ မြစ် ၁၈ယောက်တို့၏အဘွားသည် ၁၂-၈-၂၀၀၃ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်အေးဖြူ (၉၂)နှစ်
(သနပ်ပြင်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၉)လမ်း၊ အမှတ်(၁၀၂၉)နေ ဦးကောက်၏ဇနီး၊ (ကိုသန်းအေး)-မသန်းသန်းဝင်း၊ ကိုခင်ဝင်း(ဆ-လ-ရ၊ လမ်း/သု)-မမာမာလွင်(ဆ-လ-ရ၊လမ်း/သု)၊ ကိုသိန်းအောင်-မမြင့်မြင့်အေး၊ ကိုသိန်းဝင်းနိုင်-မခင်ခင်ဝေ၊ ကိုလွင်ဦး-မသန်းသန်းစိန်၊ ကိုတင်မောင်အေး(မီးဒုံးလမ်းလူငယ် အကျိုးဆောင်အဖွဲ့)၊ ကိုထက်ခိုင်-မသီတာ၊ ကိုသန့်ဇင်ဦး-မဝင်းဝင်းရွှေ၊ မခင်စန္ဒာထွေး၊ ကိုလှဦး၊ ကိုမောင်မောင်၊ ဗိုလ်မှူးသန့်ဇင်-ဒေါ်သီသီတင်၊ မနီနီတင်(နည်းပြ၊ မြန်မာစာဌာန၊ Y.U)၊ကိုအောင်တင်(MTRD)-မဝါဝါဝင်း၊ ကိုဆန်းတင်(SANအီလက်ထရောနစ်ပြုပြင်ရေး) - မသန္တာမြင့် (AWB)၊ မောင်ဝင်းလှိုင်တင်(Final. Yr,EC-YTU)၊ မချယ်ရီတင်(Final. Yr,YIE)၊ (ကိုလှိုင်ဗိုလ်)-မစမ်းသီတာ၊ ကိုမြင့်ဇော် - မအေးနီလာဆွေတို့၏ အဘွားသည် ၁၂-၈-၂၀၀၃ (အင်္ဂါနေ့) တွင် ကွယ်လွန်ပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးတစ်စု။

ဒေါ်လှညွန့် (၈၄)နှစ်
(နတ်တလင်း)

ပဲခူးတိုင်း၊ နတ်တလင်းမြို့နေ (ဦးပု)၏ ဇနီး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၃)ရပ်ကွက်နေ ဦးဘထား-ဒေါ်ရင်မြင့်၊ နတ်တလင်းမြို့၊ ကြံတောစုကျေးရွာနေ ဦးအေး-(ဒေါ်ချိုချို)၊ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၉)၊ သုကြွယ်လမ်းနေ ဦးညို-(ဒေါ်သောင်းကြည်)တို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၁၂-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၈-၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Kam Do Nang
အသက်(၆၁)နှစ်
C.D.C- 11695

(Pu Tut Za Kap- Pi Hoih Kho Hau) တို့၏ သား၊ Pa Lam Khen Thang၊ (Nu Vum Kho Man)၊ Nu Ciin Lam Cingတို့၏ ညီ/မောင်၊ Pa Suang Lam Pau ၏အစ်ကို၊ အမှတ်(၆၂၃-က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာနေ Nu Cing Khen Niang၏ချစ်လှစွာသောခင်ပွန်း၊ Tg. Kap Lian Tuang၊ Tg. Kam Khen Khai (သဘော်သား)၊ Tg . Hau Lian Mung၊Lia Ning Ngaih Man၊ Lia Kap Lam Cing၊ Lia Cing Hau Niang တို့၏ မွေးဖခင်သည် ၁၃-၈-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (မြန်မာနိုင်ငံ တမန်တော်သစ် ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်း(၁၀၃/ခ)၊ ခအောင်မင်္ဂလာဒုံလမ်း၊ အရှေ့ရွာမ၊ အင်းစိန်နှင့် (၅၁)ရွှေဘုံသာလမ်းမှကားများ မွန်းလွဲ ၁၁နာရီတွင် လည်းကောင်း၊ နေအိမ်မှ မွန်းလွဲ ၁:၃၀နာရီတွင် လည်းကောင်း ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မသင်းသင်းခိုင် (၃၃)နှစ်
ဒေါ်ပုံကော်ဇောပစ္စည်းစက်ရုံ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံအရှေ့၊ (၄)လမ်း၊ အမှတ်(၁၁၂၅/ခ)နေ ဦးမောင်ညို-ဒေါ်စန်းရီတို့၏ သမီး၊ ကိုဆန်းလင်း(မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၏ ချစ်လှစွာသော ဇနီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၆)အရှေ့ရပ်ကွက်နေ ဦးမျိုးညွန့်-ဒေါ်မြမြစန်းတို့၏ သမီးချွေးမ၊ မောင်ညိုစန်း၏ ညီမ၊ ကိုဇော်ဇော်အောင်-မအေးအေးမော်၊ ကိုစောရန်နိုင်-မအေးစုမာတို့၏အစ်မ၊ မောင်ကျော်မင်းခန့်၏ မွေးသမိခင် မသင်းသင်းခိုင်သည် ၁၃-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာသွင်(ခ)အေးမိ
အသက်(၆၃)နှစ်
(လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း၊ စက်မှု/ဆေးဝါး)

ပုသိမ်မြို့နေ (ဦးဘသောင်း-ဒေါ်သိန်းကြွယ်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၃)၊ ခြံအမှတ်(၂)နေ ဦးစန်းမောင်(ခ)မောင်ဆွေမွန်(မိုးထိအောင်ဗီဒီယို)၏ ဇနီး၊ ဒေါ်သန်းသန်းနွဲ့-ဦးလှလွင်(ဒုရေယာဉ်မှူးချုပ်၊ ငြိမ်း)၊ ဒေါ်ရင်ရင်ကြိုင်-ကပ္ပတိန်တင်မောင်အေး (အထွေထွေမန်နေဂျာ၊ ရန်ကုန်အဲယားဝေး)တို့၏ အစ်မ၊ မိုးဇော်(ခ)မိုးဇော်ကို-ခင်ကေသွယ်မြင့်၊ ကျော်လင်းခိုင်(ခ)အငယ်လေးတို့၏ မိခင်သည် ၁၁-၈-၂၀၀၃ရက် နံနက် ၄:၃၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၁၇-၈-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာသွင်(ခ)အေးမိ
အသက်(၆၃)နှစ်
(လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း၊ စက်မှု/ဆေးဝါး)

ရန်ကုန်မြို့နေ (ဦးညွန့်ကြည်-ဒေါ်သိန်းမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၃)၊ ခြံအမှတ်(၂)နေ ဦးစန်းမောင်(ခ)မောင်ဆွေမွန်(မိုးထိအောင်ဗီဒီယို)၏ ဇနီး၊ ပါမောက္ခဒေါက်တာစောနိုင်-ဒေါက်တာခင်ငွေးအေး၊ ဒေါက်တာဝင်းကြွယ်-ဒေါ်တင်တင်နွယ်၊ ဦးမင်းသွင်-ဒေါ်ဖြူဖြူတို့၏ အစ်မ၊ မိုးဇော်(ခ)မိုးဇော်ကို-ခင်ကေသွယ်မြင့်၊ ကျော်လင်းခိုင်(ခ)အငယ်လေးတို့၏ မိခင်သည် ၁၁-၈-၂၀၀၃ရက် နံနက် ၄:၃၀နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် မီးသဂြိုဟ်ပြီးစီးပါကြောင်းနှင့် ၁၇-၈-၂၀၀၃ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
(၁၄-၈-၂၀၀၁ - ၁၄-၈-၂၀၀၃)
ဦးမြင့်ဆွေ(၁၀)
အကောက်ခွန်မှူး

ကျေးဇူးရှင်ဖေကြီး "အေး" တို့သားအမိနှင့် ခွဲခွာသွားသည်မှာ (၂)နှစ်ပြည့်သော်လည်း တစ်နေ့မှမေ့မရနိုင်ပါ။ ဖေကြီးအားရည်စူးပြီး လှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ-အမျှ-အမျှ ပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါ်အေးအေးမေ
ချစ်သမီး-မသက်နှင်းဆွေ(ခ)သဲသဲ
(VII-A၊အထက-၄၊ဗိုလ်တထောင်)

ဦးသန်းကို (၆၁)နှစ်
အင်/ယာ (စ)မြို့ပြ (ငြိမ်း)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆၅၅/B)နေ (ဒေါ်လှခင်)၏ ခင်ပွန်း၊ ဦးအုန်းမြင့်-ဒေါ်တိုး၊ ဦးနေဝင်း၊ ဦးရွှေဝင်း-ဒေါ်သန်းသန်းအေး၊ ဦးမြင့်ဝင်း-ဒေါ်ရီရီမြင့်တို့၏ အစ်ကို၊ (ဦးစိုးနိုင်)-ဒေါ်စပယ်သန်း၊ ဦးသန်းဇော်ဝင်း-ဒေါ်စုစုငွေ၊ ဦးသက်လွင်ထွန်း-ဒေါ်ခင်ကြည်ကြည်သန်းတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၀၃ ရက်တွင် ကွယ်လွန်၍ ၁၅-၈-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းတိုး (၄၆)နှစ်
စာရင်းကိုင်(၃)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(ရန်ကင်းမြို့နယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၉၅/၂)၊ မြင်သာ(၁၁)လမ်း၊ (၁၄/၁)ရပ်ကွက်နေ (ဦးလှတင်၊ ဒု/ညွှန်မှူး၊ ငွေစာရင်းဦးစီး)-ဒေါ်အေးပုတို့၏ တစ်ဦးတည်းသောသား ဦးသိန်းတိုးသည် ၁၀-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းအမ
မရွှယ်ရွှယ်အောင်(ခ)
မခင်မျိုးလတ် (၃၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁/၂၅)၊ လမ်း(၅၀)၊ပြည်တော်သာရိပ်သာ၊ဗိုလ်တထောင်မြို့နယ်နေ (ရဲမှူးမျိုးအောင်)-ဒေါ်အမာစိန်တို့၏ ချစ်လှစွာသော သမီး၊ ဦးသန်းရွှေ-ဒေါ်ခင်မမအောင်(ထ-၂၊ ဗိုလ်တထောင်)၊ (ဗိုလ်မှူးကိုကိုအောင်)-ဒေါ်မြမြချို(မြရောင်ချယ်၊ သင်္ကန်းတိုက်)၊ ကပ္ပတိန်ခင်လှ-ဒေါ်လဲ့လဲ့အောင်၊ဒေါ်ခင်မျိုးမြတ်တို့၏ ချစ်လှစွာသော ညီမ၊ တင်မိုးအောင်(ခေတ္တ-တိုကျို)၊ လွင်မိုးအောင်(ခေတ္တ-တိုကျို) - ခင်ခင်ကြီး (ခေတ္တ-တိုကျို)၊ ကျော်ဇေယျမျိုး၊ ဟေမာန်မျိုးအောင် (ခေတ္တ-တိုကျို)၊ သဥ္စာမျိုးအောင်(ခေတ္တ-တိုကျို)တို့၏ ချစ်လှစွာသော အစ်မ၊ စန္ဒီလွင်အေး(ထ-၂၊ ဗိုလ်တထောင်)၊ ဆုလွင်အေး(ထ-၂၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသော မေမေ၊ တူ၊ တူမ ခြောက်ယောက်တို့၏ အန်တီလေးသည် ၁၂-၈-၂၀၀၃ရက်တွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၄-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘသိုက် (၈၃)နှစ်
မော်ကွန်းဝင်တတိယဆင့်
မော်လမြိုင်ကျွန်းမြို့နယ်ရာသက်ပန်အသင်းဝင်
(ဗဟန်း)

မော်လမြိုင်ကျွန်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်စိန်ချစ်)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကမာရွတ်၊ သံလမ်းနေ (ဦးမောင်ဘ-ဒေါ်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အုတ်လမ်း၊ ရွှေတိဂုံအရှေ့မုခ်၊ အမှတ်(၄၄)၊ ရွှေနံ့သာရပ်ကွက်နေ ဒေါ်လှရွှေ၏ ခင်ပွန်း၊ ဦးဝင်းတင်-ဒေါ်အေးမြင့်၊ ဦးတင့်ဆွေ-ဒေါ်စိန်ပု၊ ဦးဝင်းသိန်း-ဒေါ်တင်ဆွေအေး၊ ဦးမင်းထွဋ်-ဒေါ်သက်သက်၊ မောင်မျိုးလွင်၊ မမြမြထွေး၊ မောင်ရဲဝင်းနိုင်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၁-၈-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၈-၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေး(ခ)ကြောင်စီမွေး
အသက်(၇၆)နှစ်
(ပြည်)

ရန်ကုန်မြို့၊ အမှတ်(၁၂၀)၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးတက်ရုံ၏ ဇနီး၊ ဒေါ်ခင်ငွေးမြင့်-(ဦးမျိုးမြင့်)၊ ဦးစိန်ညွန့်-ဒေါ်ခင်စန်းလွင်၊ ဒေါ်ခင်စန်းအေး-ဦးဟုတ်စိန်၊ ဒေါ်ခင်စိန်အေး-ဦးအောင်မင်း၊ ဦးအေးညွန့်-ဒေါ်ကျင်လှတို့၏မွေးသမိခင်၊ မြေး ၁၅ယောက်တို့၏ အဘွားဒေါ်အေးသည် ၁၂-၈-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း (၄၇)နှစ်
(လှိုင်ဈေးကြီး)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၄၉/က)နေ [ဦးအောင်သိန်း(ခ)အစိုင်း-ဒေါ်ကျင်စီ(ခ)အကီး]တို့၏ သားကြီး၊ မစန်းစန်းဦး၏ ခင်ပွန်း၊ မောင်ဝင်းထွန်းနိုင်(Second year I.C၊ ဒဂုံတက္ကသိုလ်)၊ မသက်စုဝင်း(အထက-၂၊ လှိုင်)တို့၏ မွေးသဖခင်၊မခင်စန်းဝင်း(ခ)မီးမီး၊ (ဦးခင်မောင်လွင်-ဒေါ်တင်စန်းဝင်း)၊ ဦးအောင်မြင့်-ဒေါ်ခင်စန်းလွင်၊ ဦးဝင်းမြင့်-ဒေါ်ခင်မာလွင်၊ ဦးသန်းစိုး-ဒေါ်သီတာအေးတို့၏အစ်ကိုကြီး ဦးခင်မောင်ဝင်း(မုန့်မျိုးစုံဆိုင်၊လှိုင်ဈေးကြီး)သည် ၁၂-၈-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၈-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ဖြူးမြို့ စည်ပင်သာယာခန်းမ၌ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံအပေါ်၊ ပြည်သူများအပေါ် ဆင်းရဲဒုက္ခများ ဖိစီးကျရောက်စေရေးအတွက် နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွားမလိုလားသည့်အဖွဲ့အချို့နှင့် ချိတ်ဆက်လုပ်ဆောင်နေမည်သို့ပင်ဖြစ်စေ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၀ရက် နံနက်၇နာရီ၁၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ပဲခူးတိုင်း ပဲခူးမြို့သို့ရောက်ရှိကြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သန်းငွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တာဝန်ရှိသူများ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ကွက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူးလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ပဲခူးမြို့မှ ဆက်လက်ထွက်ခွာကြပြီး ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ်တစ်လျှောက် ရန်ကုန်–မန္တလေး ကားလမ်းမကြီးဘေး ဝဲ၊ ယာ၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းမကြီးကို အဆင့်မြှင့်ပြုပြင်မွမ်းမံထားသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့သို့ရောက်ရှိကြရာ ပဲခူးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨

နိုင်ငံတော်အကြီးအကဲက ပဲခူးတိုင်း၌ စပါးဧက သိန်း၃၀ထိ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်ထားသားစဉ်မြဲဆက် စားသုံးနိုင်ရန် ယခုကတည်းက ကြိုတင်တွက်ဆ ခြော်တွေးလုပ်ကိုင်ရန်လို ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဒိုက်ဦး၊ သနပ်ပင်နှင့် ကဝမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးမှာကြား

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က တည်ဆောက်ပြီးစီးသွားသော ရန်ကုန်–မန္တလေး ကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်နှင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရန် ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ ညပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့သို့ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

ယနေ့ထုတ်စောင်ရေ

၂၁၀၉၈၂